# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁) ရက်၊ ဗုဒ္ဓဟူးနေ့ ၊ (2-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၀၉၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုဒ္ဓါဘိသေက အနေကဇာတင်၍ ပုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်စွာကျင်းပပြုလုပ်



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်၍ မင်္ဂလာမော်ကွန်းကျောက်စာရုံစေတီအား လက်ယာရစ်လှည့်လည်ပူဇော်ကာ အပူဇော်ခံနေရာသို့ ပို့ဆောင်စဉ်။

**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲ မင်္ဂလာကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ သတ်မှတ်နေရာများတွင် ကျင်းပရာ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားတိုးတက်ရေး

မြန်မာနိုင်ငံသည် နိုင်ငံ့စီးပွားရေးတိုးတက်စေရန်အတွက် အခြေခံမူဝါဒများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပထမဦးစားပေးအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဒုတိယဦးစားပေးအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင် ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ တတိယဦးစားပေးအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးတို့ဖြင့် နိုင်ငံ့စီးပွားတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ်တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

**"နိုင်ငံ့စီးပွားရေးမှာ ပြီးခဲ့သည့်ကာလများအတွင်း အထိုက်အလျောက်တိုးတက်မှုရှိခဲ့ပြီး ဆက်လက်၍လည်း တိုးတက်မည်ဟုခန့်မှန်းထားကြောင်း။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း လေးရာခိုင်နှုန်းခန့်တိုးတက်မည်ဟု မျှော်မှန်းထားကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်ဆောင်ရွက်နိုင်မည်ဆိုပါက ထပ်မံတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊"** ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၃)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် ဈေးကွက်သေချာမှုရှိသည့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရန်လိုအပ်ပေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းသည် ခိုင်မာသည့်ဈေးကွက်ရှိပြီး ကမ္ဘာတစ်ဝန်းလိုအပ်လျက်ရှိသော Food Security ကိုလည်း ထောက်ပံ့ပေးနိုင်သောကြောင့် သေချာသည့်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် သေချာသည့်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ၏စီးပွားရေးတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာဈေးကွက်ကို အမြဲမပြတ်လေ့လာစောင့်ကြည့်နေကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်ရှာဖွေကာ ပိုမိုတင်ပို့ရောင်းချကြရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုလည်း ယခုထက်ပိုမို၍ ထုတ်လုပ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဝါဆိုလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး ဩဂုတ် ၁**

မန္တလေးမြို့ရှိ အထင်ကရတန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ ဒုတိယဝါဆိုလပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ မြန်မာလူမျိုးတို့ရဲ့ ဒုတိယဝါဆိုလပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ ဒီနေ့မှာဆိုရင် မြို့ပေါ်၊ ရပ်နီးရပ်ဝေးနယ်စုံဒေသက ဘုရားဖူးတွေဟာ မနက်အစောပိုင်းက နေစပြီး လာရောက်ဖူးမြော်နေကြတာပါ။ ဘုရားဝတ်ပြုသူ၊ တရားထိုင်သူ၊ ဓမ္မစကြာ၊ ပဋ္ဌာန်းရွတ်ဖတ်သူတွေ၊ ရွှေသင်္ကန်းကပ်သူတွေ၊ ပန်းကပ်လှူသူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေဟာ သမိုင်းပန်းချီပြတိုက်၊ ကြေးစည်တော်ကြီးပြတိုက်၊ ကြေးရုပ်ပြတိုက်နဲ့ ကြေးမောင်းကြီးနေရာတွေကို သွားရောက်လေ့လာကြပါတယ်။ ငါးကန်၊ လိပ်ကန်တွေမှာလဲ ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့ စည်ကားနေပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၆၂၃၃၆၉ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေဠုဝစနကျောက်စိမ်းစေတီတော်တို့၌လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသများမှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသများမှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊လက်ရှိတွင် မုန်ညင်းဖြူဈေးနှုန်းများမှာ ၂၇ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ထိဈေးရရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက အဓိကစိုက်ပျိုးတဲ့ တောင်ပေါ်ဒေသတွေကပဲ ဝင်ရောက်လာတာပါ။ ဝင်ရောက်လာတာနဲ့အမျှ ဈေးကောင်းတွေလဲ ရရှိနေပါတယ်။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားပါတယ်။ ဈေးကို တစ်ရက် ခြောက်ဘီးကား ငါးစီး၊ ခြောက်စီး ပုံမှန်ဝင်ပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ဈေးကို ဝင်ရောက်လာတဲ့ ကုန်စိမ်းသီးနှံတွေက အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မုန်ညင်းဖြူများ အရောင်းအဝယ် ကောင်းနေသည့်အပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူး၊ သခွား၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါး၊ ခရမ်း၊ ဗိုလ်စားပဲ၊ ပန်းမုန်လာတို့လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)အရောင်းအဝယ်ကောင်းပြီး ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဩဂုတ် ၁**

မန္တလေး ဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း) အရောင်းအဝယ်ကောင်းပြီး ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ရှမ်း)များ အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ ထိုသို့ ရှမ်းပြည်နယ်ဘက်မှ အများဆုံးထွက်ရှိသည့် ပြောင်းဖူး(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အတွင်းမှာ လတ်တလော ရှမ်းပြည်နယ်က အသစ်ဝင်လာတဲ့ ပြောင်းဖူး(ရှမ်း)တွေတော့ မရှိသေးပါဘူး။ မန္တလေးဈေးကွက်ထဲမှာ လက်ကျန်ပြောင်းဖူး(ရှမ်း)တွေကို ဝယ်ယူမှုတော်တော်လေး များလာပြီး ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လနောက်ဆုံးပတ်က ပြောင်းဖူး(ရှမ်း) ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(CP)ဈေးနှုန်းမှာ ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၅၀၀၊ ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံ-အဖွဲ့ - ၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရာဝတီလမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သံဖြူဇရပ်မြို့နယ် လင်မသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**သံဖြူဇရပ် ဩဂုတ် ၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လင်မသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက လင်မသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများတာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက လင်မသာကျေးရွာ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ မြစိမ်းရောင်ကျေးစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် လင်မသာကျေးရွာ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၂၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၂ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# ရွှေကူမြို့နယ်၌ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး


**ရွှေကူ ဩဂုတ် ၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးမိုင်းရင်နှင့်တာဝန်ရှိသူများက ရွှေကူမြို့နယ်အတွင်းရှိ ပန်းတင်-မြိုင်သာ-လမ်းကူး-ခေါလဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးမိုင်းရင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းမှာ အရှည် တစ်မိုင်၊ အကျယ် ၁၆ ပေနှင့် အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြု ရန်ပုံငွေကျပ် ၅၀၉ ဒသမ ၂၄၅ သန်းဖြင့် ရွှေကူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် ဇူလိုင်လပထမပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၆၅၄၄ ဧကစိုက်ပျိုးပြီးစီး




**ကျွန်းလှ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၆၆၅၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၇၆၈၀၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၆၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ သီးနှံစုံဧက ၇၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ဧက ၆၀၀၀၀ ကျော်စိုက်ပြီးပါပြီ။ ဒီနှစ် မိုးသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာဖြစ်ပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် စပါး ၂၄၀၅၅ ဧက၊ ပဲမျိုးစုံ ၁၆၉၄၂ ဧက၊ ဆီထွက်သီးနှံ ၇၂၈၆ ဧက၊ ကြံ ၅၁ ဧက၊ ဝါ လေးဧက၊ အခြားသီးနှံ ၁၆၆၅၇ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ၆၆၅၄၄ ဧကဖြစ်ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစုံ စိုက်ပျိုးရန် လျာထားမှုအနေဖြင့် စပါး ၃၄၀၉၃ ဧက၊ ပဲမျိုးစုံ ၁၆၉၁၂ ဧက၊ ဆီထွက်သီးနှံဧက ၇၂၇၀၊ ကြံ ၇၄ ဧက၊ ဝါ ခြောက်ဧက၊ အခြားသီးနှံဧက ၁၆၉၀၀၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ၇၆၈၀၄ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ လက်တွေ့ပြသဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေး၊ ပိုးမွှားရောဂါမကျရောက်အောင် ကာကွယ်ရေး နည်းလမ်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကျွန်းလှမြို့နယ်တွင် မိုးသီးနှံစုံ ၁၀၃၄၀၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ မိုးစပါး ၃၄၀၉၃ ဧက၊ ပဲမျိုးစုံ ၁၆၉၁၂ ဧက၊ ဆီထွက်သီးနှံဧက ၇၂၇၀၊ ဝါ လေးဧက၊ အခြားသီးနှံ ၁၆၉၁၅ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စုစုပေါင်း ၇၆၇၄၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# လင်းခေးမြို့၌ စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲနည်း သင်တန်းဆင်းပွဲကျင်းပ

**လင်းခေး ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းနှင့် ရန်ပုံငွေသုံးစွဲနည်း (AVIP) သင်တန်းဆင်းပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပန်းဖူးခိုင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်စေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာမှ ကျေးရွာကော်မတီဝင် ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းနှင့်ပတ်သက်သည့် သင်ခန်းစာဘာသာရပ်များကို ဇူလိုင် ၂၇ ရက်မှ ၃၁ ရက်ထိ ငါးရက်ကြာ အခမဲ့ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# တောင်သာမြို့နယ် စွန်းလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်သာ ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သပွတ်ပင်တဲကျေးရွာအုပ်စု စွန်းလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်နှင့် တာဝန်ရှိသူများက စွန်းလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ကြရန် မှာကြားသည်။

စွန်းလွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို ငွေကျပ် ၅၀ ဒသမ ၄ သန်းကို ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က ပြောပြ၍ သိရသည်။

**သက်မာ**



# လမြတ်ဝါဆို

အောင်ကြည်ညွန့်(တက္ကသိုလ်)

ဗုဒ္ဓဘာသာဝင်များအဖို့ အခါကြီးရက်ကြီးဟုဆိုအပ်သော၊ မြင့်မြတ်သောနေ့ရက်၊ လတို့ရှိကြသည်။ ဤသို့သတ်မှတ်ကြခြင်းမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဖွားမြင်တော်မမူမီ ပဋိသန္ဓေယူသည်မှစ၍ ဖွားတော်မူခြင်း၊ တောထွက်ခြင်း၊ ဘုရားဖြစ်ခြင်း၊ ဓမ္မစကြာတရားဦးဟောခြင်း၊ ဝါဆိုတော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုခြင်း စသည်ဖြင့် မဟာဗုဒ္ဓဝင်ကျမ်းတော်လာအတိုင်းမှတ်သား၍ ဘုရားရှင်အား အထွတ်အမြတ်ထားကာ ပူဇော်ကြလေ့ရှိသည်။

လယ်တီဆရာတော်ကြီး၏ ခုနစ်နေ့ဘုရားရှိခိုးစာကဗျာတွင် "သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို"ဟူ၍ စာရေးသူတို့ငယ်စဉ်ကပင် ရွတ်ဆိုဘုရားကန်တော့ကြရသည်ကို အမှတ်ရနေပါသည်။ မြတ်စွာဘုရားရှင် ပဋိသန္ဓေယူသည့်အချိန်သည် ဝါဆိုလပြည့်နေ့ဖြစ်သည်။ အမွန်အမြတ်စတင်ပူဇော် တန်ဖိုးထားအပ်သော နေ့ထူးနေ့မြတ်၊ လထူးလမြတ်တစ်ခုဖြစ်သည်။ ထို့ပြင်မက-

ဝါဆိုလပြည့်နေ့ကား "သန္ဓေ၊ တောထွက်၊ စမွစက် တစ်ချက်ပြာဋိဟာ"ဟူသော စာချိုးလေးအရ မြတ်စွာဘုရားရှင် ပဋိသန္ဓေယူတော်မူခြင်း၊ တောထွက်ခြင်း၊ ဓမ္မစကြာတရားဟောခြင်း၊ ရေမီးအစုံ တန်ခိုးပြာဋိဟာပြတော်မူခြင်း စသောထူးခြားသည့် မှတ်တိုင်များစုဝေးရာ လမြတ်မဟာပင် ဖြစ်ပါတော့သည်။

"ဖွာမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပို့က၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်ခန်းမှာကို" ဟူသော စာချိုးအတိုင်း ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် ပြည့်ရှင်ဘုရင် မင်းဖြစ်တော်မူပြီး တစ်ဆယ့်သုံးနှစ်အကြာ အသက်နှစ်ဆယ့်ကိုးနှစ်တွင် နိမိတ်ကြီးလေးပါးမြင်တွေ့ပြီး နန်းစည်းစိမ်ကို စွန့်လွှတ်ကာ တောထွက်တော်မူသည်။ ထိုနေ့သည်ကား မဟာသက္ကရာဇ် ၉၇ ခု ဝါဆိုလပြည့် တနင်္လာနေ့ ညလယ်အချိန်ပင်ဖြစ်သည်။

သိဒ္ဓတ္ထမင်းသားသည် ဥရုဝေလတော၌ ဒုက္ကရစရိယ ခြောက်နှစ် ကျင့်ကြံအားထုတ်သော်လည်း မအောင်မြင်ခဲ့ဘဲ မဇ္ဈိမပဋိပဒါလမ်းစဉ်၊ ဝင်လေထွက်လေကို မှတ်ရှုခြင်းဖြင့် မဟာဗောဓိပင်ရင်းတွင် ဘုရားအဖြစ်ရတော်မူခဲ့သည်။ သက်တော်ကား ၃၅ နှစ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့ဖြစ်သည်။

ထိုအခါဘုရားရှင်က ပဥ္စဝဂ္ဂီရဟန်းငါးပါးတို့အား "ရဟန်းတို့ငါ့အား ဂေါတမငါ့ရှင်ဟု မခေါ်ပြောကြပါနှင့်၊ ငါသည်ဘုရားဖြစ်ပြီး သင်တို့အားတရားဟောမည်၊ ဆုံးမတော်မူမည်ဟု မိန့်ကြားပါသော်လည်း ရဟန်းတို့ကမယုံကြည်နိုင်ဘဲရှိလေ၏။ ထိုသို့သုံးကြိမ်တိုင် မိန့်တော်မူသော်လည်း မယုံနိုင်ဘဲသာရှိလေ၏။ နောက်ဆုံးတွင် ဘုရားရှင်သည် ဥရုဝေလတောအုပ်တွင် နေ-စဉ်ကပင် ငါကြွား၍မပြော ယခုပြောနေခြင်းသည် အမှန်ရှိသောဂုဏ်ကိုသာ ပြောဆိုခြင်းဖြစ်လိမ့်မည်ဟု စဉ်းစားကြကာ ရဟန်းကြီးဂေါတမဘုရားဖြစ်လာပြီဟု ယုံကြည်သွားကြတော့၏။

ပဥ္စဝဂ္ဂီတို့သည် ဘုရားဖြစ်ကြောင်းကောင်းစွာသိကြ၍ တရားတော်ကို ရိုသေစွာနာယူလိုကြကြောင်း သိတော်မူသောဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်စနေနေ့ ညနေချမ်း နေဝင်လထွက်ချိန်တွင် "ဒွေမေဘိက္ခဝေအန္တာ-အစချီသည့် ဓမ္မစကြာတရားတော်ကို အဦးဆုံးဟောကြားတော်မူပြီးနောက် ပထမဆုံးဝါကို မိဂဒါဝုန်တော၌ ကပ်တော်မူသည်။

❖ လပြည့်နေ့၊ လပြည့်ကျော် ၁ ရက်နေ့တွင် ပုန်းညက်အစရှိသော ဝါဆိုပန်းများ၊ ဘုရားပုထိုးလှူဒါန်းရန် ဝါဆိုပန်းခူး တပျော်တပါး ထွက်တတ်ကြသည်။ ဘာသာယဉ်ကျေးမှု ဆက်စပ်နှီးနွယ်လျက် မင်္ဂလာအပေါင်းနှင့်ပြည့်နေသည့် လအခါဖြစ်သည်။ ငယ်ရွယ်သူတို့ကလည်း ပြောမှားဆိုမှားအပြစ်များကို ဝန်ချလျက်၊ လူကြီးတို့ကလည်း ခွင့်လွှတ်ကြည်ဖြူလျက် မုဒိတာစိတ်အပြည့်ဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတို့ မြတ်နိုးဖွယ်ရာရှင်သန်လျက်ရှိသည်။ ❖

ဝါဆိုလပြည့်နေ့ ညနေချမ်းတွင် မြတ်စွာဘုရား ပထမဆုံး၊ အမွန်မြတ်ဆုံး၊ အကောင်းဆုံးဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်သည် ဗုဒ္ဓဘာသာ၊ ဘုရားသာသနာ၊ ရောင်ဝါထွန်းလင်းစေသည့် တရားတော်ဖြစ်သည်။ ဘုရားဖြစ်စပထမဦးဆုံး တရားတော်လည်းဖြစ်သည်။ ပဥ္စဝဂ္ဂီငါးပါးသာမက နတ်ဗြဟ္မာတို့ပါ လာရောက်တရားနာကြကြောင်း ကျမ်းဂန်အလာရှိပါသည်။

**ပဥ္စဝဂ္ဂီရဟန်းငါးပါး**

ဓမ္မစကြာတရား ဟောတော်မူသည်၏အဆုံးတွင် ပဥ္စဝဂ္ဂီငါးပါးမှ အရှင်ကောဏ္ဍညသောတာပန်တည်သွား၏။ အရှင်ကောဏ္ဍညသည် ဘုရားရှင်ထံ ရဟန်းပြုရန်ခွင့်တောင်း၍ ဘုရားရှင်က "ဧဟိဘိက္ခု" ခေါ်တော်မူသဖြင့် ရဟန်းအဖြစ်သို့ရောက်၏။ ထို့နောက် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် အရှင်ဝပ္ပ၊ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် အရှင်မဟာနာမ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် အရှင်အဿဇိတို့ အသီးသီးသောတာပန်တည်သွားကြ၏။

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် "**အနတ္တလက္ခဏသုတ်**"ကို ဘုရားရှင်ဟောတော်မူ၏။ ထိုသုတ်အဆုံး ထိုနေ့မှာပင် ပဥ္စဝဂ္ဂီရဟန်းငါးပါးစလုံး ရဟန္တာဖြစ်သွားကြလေ၏။

လယ်တီဆရာတော်ဘုရားကြီးက-

"ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချိသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည်ရွှမ်းတယ်ကို"ဟူ၍ ကြည်ညိုသဒ္ဓါပွားစေရန် စာကဗျာသီကုံး ချီးမြှင့်ပေးထားသည်။

ဝါဆိုလ၊ ဝါဆိုလပြည့်နှင့် ဗုဒ္ဓဝင်သည် မည်သို့ဆက်စပ်၍ မည်မျှအရေးကြီးကြောင်း သာသနာအရောင် မည်မျှထွန်းပြောင် တောက်ပစေကြောင်းနှင့် အထောက်အပံ့ဖြစ်စေကြောင်းတို့သိအပ်ပေသည်။

လမြတ်ဝါဆိုနှင့် ဗုဒ္ဓဝင်ဆက်စပ်ပုံကို အကျဉ်းတင်ပြပြီးနောက် ဝါဆိုလ၏သဘာဝအလှကိုလည်း တင်ပြရေးသားလိုပါသေးသည်။ မဟာအတုလမင်းကြီးက ဝါဆိုလကို-

"ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့မည်းညို" ဟု ဖွဲ့ဆိုခဲ့သည့်အတိုင်း ဝါဆိုလသည် မိုးသားတိမ်ရိပ်များဖြင့် ပြည့်လျက်ရှိသည်။ လှည့်လည်ရွေ့လျားကာ မိုးရွာသွန်းသော ကာလဖြစ်သည်။

ဝါဆိုဝါခေါင်ရေဖောင်ဖောင်ဟုဆိုကြသည်။ နွေဥတု၊ မိုးဥတု နှစ်ဥတုစလုံး၌ပါဝင်၍ နွေတစ်ပိုင်း၊ မိုးတစ်ပိုင်းရောနှောနေသော ကာလဖြစ်သည်။ ဝါဆိုလ မိုးရေသည် အလွန်အေးမြလှ၏။ မိကျောင်းပန်းများသည် ဖွေးဖွေးဖြူတော့၏။

"ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး" ဟု ဆိုရိုးရှိခဲ့သည်။ မြစ်၊ ချောင်း၊ အင်းအိုင်များ၌ ရေပြည့်လျှံနေ၏။

"ရေလျှံတဲ့ဝါဆိုမှာ ပုန်းညက်ညိုမာလာမင်းက သင်းလှတယ်လေး"ဟူသည့် လွမ်းချင်းအတိုင်း "ပုန်းညက်ပန်း"တို့ ပွင့်လန်းသောကာလဖြစ်သည်။

"နေ့မှာဝါဆို၊ ညမှာပြာသို"ဟု ဆိုသည့်အတိုင်း မြန်မာ့ဆယ့်နှစ်လတွင် ဝါဆိုလသည် နေ့တာအရှည်ဆုံးဖြစ်သည်။ မိမိတို့ကဲ့သို့ ဗုဒ္ဓဘာသာနိုင်ငံအဖို့ ဝါဆိုလကို လမြတ်ဟုအသိအမှတ်ပြုခဲ့ကြသည်။ တောင်သူလယ်သမားတို့တွင် လယ်ယာလုပ်ငန်း လမိုင်းကချုပ်သကဲ့သို့ ရဟန်းသူမြတ်တို့အဖို့ ဝိနည်းတော်ကား ချုပ်ကိုင်သောလဖြစ်သည်။ ဝါကပ်သောကျောင်းမှ ညဦးအိပ် ညဦးနေ အပြင်မထွက်ရဟု ပညတ်တော်မူသည်။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ရဟန်းသံဃာများ ဝါကပ်ကြသည်။

"လောင်းမုံရင့်မြေညာမှာ
ရွှေသာနာပြည်မှ
မြတ်ပဥ္စင်း ရှင်တော်ပြုငယ်နှင့်
နန်းဗိုလ်ရှုစံချိန်
ခါဝါဆိုသံထူးလို့
လျှံမြူးတဲ့ လျှပ်နွယ်ရောင်ရှိန်"ဟု တိုင်းတားမြို့သူကြီးဦးဖက်ဆိုသကဲ့သို့ ဝါဆိုလမြတ်တွင် ပဥ္စင်းခံရှင်ပြုပွဲများလည်း ကျင်းပကြပေသည်။

ဝါဆိုလပဥ္စင်းခံပွဲ ကျင်းပခြင်းမှာလည်း မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦးဟောရာ ပထမဦးဆုံးရဟန်းဖြစ်လာတော်မူသော "**ကောဏ္ဍညမထေရ်**"၏ ဧဟိဘိက္ခုရဟန်းဖြစ်သည့်နေ့ဖြစ်ခြင်း၊ ရှင်ပြုရဟန်းခံပြီးသည်နှင့် ဝါဆိုရန်အသင့်ဖြစ်ခြင်း၊ နယုန်လစာတော်ပြန်အောင်သူများကို ပဥ္စင်းခံပြုရန် အဆင်ပြေခြင်း စသောအချက်များ ပါဝင်နေပေသည်။

သံဃာတော်များ ဝါဆိုဝါကပ်ပွဲကျင်းပပြီး ဝါဆိုပန်းနှင့် ဝါဆိုသင်္ကန်း ကပ်လှူပွဲများလည်း ပြုလုပ်ကြသည်။

စိန်ရွှေမွမ်းမံ ကညာပျိုအလှငယ်တို့
အိမ်ခြေဝန်းရံ ရာဇဂြိုဟ်တမျှကဲ့သို့
ဝါဆိုလထုံး မပျက်တမ်းသာပ
ပုန်းညက်ပန်း ဘုရားလှူချိန်မို့ . . .

ဟူသော ဝါဆိုလဘွဲ့ လေပြေအရ လပြည့်နေ့၊ လပြည့်ကျော် ၁ ရက်နေ့တွင် ပုန်းညက်အစရှိသော ဝါဆိုပန်းများ၊ ဘုရားပုထိုးလှူဒါန်းရန် ဝါဆိုပန်းခူး တပျော်တပါး ထွက်တတ်ကြသည်။ ဘာသာယဉ်ကျေးမှု ဆက်စပ်နှီးနွယ်လျက် မင်္ဂလာအပေါင်းနှင့်ပြည့်နေသည့် လအခါဖြစ်သည်။

ငယ်ရွယ်သူတို့ကလည်း ပြောမှားဆိုမှား အပြစ်များကို ဝန်ချလျက်၊ လူကြီးတို့ကလည်း ခွင့်လွှတ်ကြည်ဖြူလျက် မုဒိတာစိတ်အပြည့်ဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတို့ မြတ်နိုးဖွယ်ရာရှင်သန်လျက်ရှိသည်။

ဝါတွင်းအချိန်တွင် သက်ကြီးရွယ်အိုတို့ ဥပုသ်သီတင်းသီလ စောင့်ကြသည်။ ငယ်သူတို့လည်း လိုက်ပါကြသည်။ အလှူဒါနပေါများသောကာလဖြစ်သည်။

မြန်မာ့လယ်ယာပြင်တွင် ရေဖွေးလျက်ရှိသည်။ စပါးပျိုးပင်များ ရှင်သန်ထွားကျိုင်းလျက် ပျိုးနုတ်ပြီး စနစ်တကျ ကောက်ပြန်စိုက်ကြသည်။ လယ်သူမတို့၏ ကောက်စိုက်တေးတို့ကား လယ်ကွင်းထဲတွင် ညံနေ၏။

ဤသို့ဖြင့် လမြတ်ဝါဆိုသည် ဗုဒ္ဓယဉ်ကျေးမှု အဆုံးအမနှင့် တရားဓမ္မရွတ်ဖတ်သံတို့ ပေါ်ထွက်ရာ၊ လိမ္မာရေးခြား ယဉ်ကျေးဖွယ်ရာဓလေ့များဖြစ်ဖွယ်ရာ၊ အလှူအတန်းကုသိုလ်ကောင်းမှုများ ပြည့်နှက်ရာလဖြစ်သဖြင့် ထူးခြားလှကြောင်း ရေးသားလိုက်ရပေသည်။

# မိုင်းရှူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရှူး ဩဂုတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝိန်းကောင်ကျေးရွာနှင့် ပါနိမ့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၃၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာမင်း၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများက ဝိန်းကောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် ၁၄၂ သိန်းဖြင့် အလျား ၅၄ ပေ၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပါနိမ့်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် ၈၄ သိန်းဖြင့် အရှည်ပေ ၄၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဝိန်းကောင်ကျေးရွာနှင့် ပါနိမ့်ကျေးရွာတွင် အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေအသုံးပြုကာ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၂၃၆ အိမ်၊ လူ ၁၃၅၉ ဦးတို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ရှိုသန်းညွန့်**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရန်ကုန်မြို့မှ မန္တလေး၊ မော်လမြိုင်၊ ပြည်နှင့် ပဲခူးမြို့သို့ ပြေးဆွဲနေသည့်ရထားခရီးစဉ်များတွင် နေ့စဉ်စီးနင်းသူ ဦးရေ ၁၉၀၀ ခန့်ရှိနေ

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်မြို့မှ မန္တလေး၊ မော်လမြိုင်၊ ပြည်နှင့် ပဲခူးမြို့သို့ ပြေးဆွဲနေသည့် ရထားခရီးစဉ်များတွင် နေ့စဉ်လိုက်ပါစီးနင်းသူ ခရီးသည် ဦးရေ ၁၉၀၀ ခန့် ရှိနေကြောင်း ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။

ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ပြည်၊ ရန်ကုန်-ပုဂံ၊ ရန်ကုန်-ပဲခူး ရထားခရီးစဉ်များကို ပုံမှန်ပြေးဆွဲလျက်ရှိရာ အဆိုပါ ခရီးစဉ်များတွင် နေ့စဉ်လိုက်ပါစီးနင်းသူ ဦးရေ ၁၉၀၀ ခန့်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ကိုဗစ်ကာလက စတင်ပြီး ရထားနဲ့ ခရီးသွားလာသူ အရေအတွက် လျော့ကျခဲ့တာကြောင့် ရထားခရီးစဉ်တချို့ရပ်နားထားရမှုတွေရှိခဲ့ပါတယ်။ ဒီနှစ် နှစ်ဆန်းပိုင်းကစပြီး ရထားနဲ့ ခရီးသွားသူ အရေအတွက် များလာပါတယ်။ မိုးတွင်းကာလဖြစ်ပေမဲ့ ရထားနဲ့ ခရီးသွားလာသူတွေ များလာပါတယ်။ ခရီးစဉ်တွေအားလုံးအတွက် နေ့စဉ်သွားလာနေသူခရီးသည် အယောက် ၁၉၀၀ လောက် ရှိပါတယ်"ဟု ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ်ကြီး ဦးသောင်းထိုက်က ပြောပြသည်။

အဆိုပါ ရထားခရီးစဉ်များတွင် ရန်ကုန်-မန္တလေး ခရီးစဉ်အတွက် လေအိတ်ရထား၊ အမြန်ရထားများ အပါအဝင် ရထားသုံးစင်း၊ ရန်ကုန်-ပြည် ခရီးစဉ်အတွက် အမြန်ရထား နှစ်စင်း၊ ရန်ကုန်-မော်လမြိုင် ခရီးစဉ်အတွက် လေအိတ်ရထား၊ အမြန်ရထားနှစ်စင်း၊ ရန်ကုန်-ပုဂံ ခရီးစဉ်အတွက် အမြန်ရထားတစ်စင်း၊ ရန်ကုန်-ပဲခူးခရီးစဉ်အတွက် အမြန်ရထား တစ်စင်းအပြင် ရန်ကုန်တိုင်းဒေသကြီးရှိ ကြည့်မြင်တိုင်ဘူတာမှ ပြည်ဘူတာသို့ စာပို့ရထားတစ်စင်းတို့ကို ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ ASH




# ငပလီမြို့နယ် ရှောက်ဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းအုတ်စီရေမြောင်းတည်ဆောက်ခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဖဲ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ရှောက်ဝကျေးရွာ၌ ကျေးရွာတွင်း အုတ်စီရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်ဝိုင်းယုမော်၊ မြို့နယ်စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှည်ပေ ၅၀၀၊ အကျယ် တစ်ပေခြောက်လက်မ၊ အမြင့်နှစ်ပေရှိ အုတ်စီရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ရှောက်ဝကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် ကျေးရွာတွင်း အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်း ငွေကျပ်သိန်း ၇၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းကို ယခုနှစ် ဇူလိုင် ၂၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၇၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ငင်မာ**

# လဝါဆိုဦး ပန်းခူးပွဲဝယ်

\- တောပန်းမြိုင် ပွင့်စုံဟပ်
ထူးမြတ်လ ဝါဆိုမှာ၊
ရေဖောင်ဖောင် မှိုင်းအုံမည်း
မိုးသည်းစွေရွာ၊
ကရကဋ်တည့် ရာသီခါ
ပုန်းညက်ဖြာ မွှေးကြူသင်း၊
ပျံ့ထုံအီ မြတ်လေးပန်းတို့
လွှမ်းပတ်ဖြန့်ခင်း။

\- လဝါဆို လပြည့်နေ့
ရောက်ရှိပေ့ နှစ်တိုင်းတွင်၊
အစဉ်လာ ရပ်ဓလေ့
ကြည်မွေ့စွာလျှင်၊
ဆက်ခံလို့ တောရပ်တစ်ခွင်
ယနေ့တိုင်ပင် ရာသီပွဲ၊
မြတ်ဝါဆို ပန်းခူးပွဲတဲ့
ပျော်မြဲဆင်နွှဲ။

\- ကိုယ့်ရပ်နယ် ဝန်းကျင်တစ်လွှား
တပျော်တပါး စုဖွဲ့ကာ၊
မောင်မယ်တွေ ပျော်ရွှင်မြူး
ကြည်နူးရင်မှာ၊
တောတောင်ထဲ ပန်းစုံစွာ
သွေ့ထက်ငါ ဦးအောင်ခူး၊
ဘုရားစုံ လှည့်လည်ပတ်
ပန်းကပ်ရင်းဖူး။

\- ခြေဆန့်ကာ ပန်းတွေခူးကြ
ဘုရားလည်းဖူး ကောင်းမှုတည်၊
ဆီမီး နံ့သာ ပူဇော်ပြုရင်း
တောင်းဆု အလီလီ၊
ကုသိုလ်ပြု ရွှင်မွေ့ကြည်
အပြုံးကိုယ်စီ ရင်ဝယ်ဖူး၊
အပျော်တွေ အပြိုင်လုရင်း
လိပ်ဥလည်းတူး။

\- ဘုရားစုံ အရောက်လှမ်းလို့
မောကာနွမ်း နားခိုက်တွင်၊
ဝိုင်းဖွဲ့ကာ လက်ဆုံစားကြ
အားပါးတရ မြင်၊
ဟန်ဆောင်ကင်း လက်ရည်တစ်ပြင်
ချစ်စရာ့အသွင် ရှုမြင်ကွင်း
ရိုးသားလို့ ဖြူဖြူစင်
သံယောဇဉ် တွယ်ငင်နှင်း၊
ရိုးရာမှန်
မျိုးမြန်မာ 'စံ' လှဂုဏ်ငွေ့နဲ့
ချစ်ကြင်မွေ့ စဉ်လာမြဲစွာ
လဝါဆို ပန်းခူးပွဲခေါ်
ဆင်နွှဲပျော် ဓလေ့ဟန်အနှစ်တွေက
ထူးသစ်လေခြင်း။ ။

**မင်းသွေးနွယ် (ဇီးကုန်း)**

## နိုင်ငံတကာ သတင်းများ

# ဘရစ်အုပ်စုထိပ်သီးညီလာခံသို့ ဘိုလီးဗီးယားသမ္မတ တက်ရောက်မည်

**ဂျိုဟန်နက်စဘတ် ဩဂုတ် ၁**

တောင်အာဖရိကနိုင်ငံ၌ ယခုလအတွင်းကျင်းပမည့် ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်) ထိပ်သီးညီလာခံ၌ ဘိုလီးဗီးယားသမ္မတ လူးဝစ်အာစီလည်း ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရစ်အုပ်စုထိပ်သီးညီလာခံသို့ သမ္မတ လူးဝစ်အာစီတက်ရောက်မည့်အစီအစဉ်ကို ဘိုလီးဗီးယားနိုင်ငံခြားရေးဝန်ကြီး ရိုဂျီလီယိုမေတာက သတင်းစာရှင်းလင်းပွဲတစ်ခု၌ အတည်ပြုခဲ့သည်။

ဘိုလီးဗီးယားနိုင်ငံ အနေဖြင့် ဘရစ်အုပ်စုဝင်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကြိုးစားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ရိုဂျီလီယိုမေတာက ပြောကြားခဲ့သည်။

တောင်အမေရိကနိုင်ငံ တစ်နိုင်ငံဖြစ်သော ဘိုလီးဗီးယားနိုင်ငံသည် ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးနှင့် လစ်သီယမ်သတ္တုတူးဖော်ရေးကဏ္ဍကိုမြှင့်တင်ရေးတို့အတွက် စီးပွားရေးအင်အားကောင်းသည့်မိတ်ဖက်သစ်များကို ရှာဖွေလျက်ရှိသည်။

ဘရာဇီး၊ ရုရှား၊တရုတ်၊ အိန္ဒိယနှင့် တောင်အာဖရိကနိုင်ငံတို့အဖွဲ့ဝင်များအဖြစ်ပါဝင်သော ဘရစ်အုပ်စုထိပ်သီးညီလာခံကို ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်ထိ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဘရစ်အုပ်စု၌ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် စိတ်ဝင်စားနေသည့်နိုင်ငံပေါင်း ၄၀ ကျော်ထိ ရှိနေကြောင်း သိရသည်။

KKO

# ယခုနှစ် အိန္ဒိယနိုင်ငံ၏ရွှေဝယ်လိုအား သုံးနှစ်အတွင်း အနိမ့်ဆုံးအဆင့်သို့ကျဆင်းနိုင်

**ဒေလီ ဩဂုတ် ၁**

အိန္ဒိယနိုင်ငံ၏ ယခုနှစ် ရွှေဝယ်လိုအားသည် ယမန်နှစ်ကထက် ၁၀ ရာခိုင်နှုန်းကျဆင်းသွားနိုင်ပြီး သုံးနှစ်တာအတွင်းအနိမ့်ဆုံးဝယ်လိုအားအဆင့်ထိ ရောက်သွားနိုင်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ရွှေဈေးစံချိန်တင်မြင့်တက်နေစဉ် လက်လီဝယ်ယူသူများ အားနည်းလာမှုကြောင့် အိန္ဒိယနိုင်ငံ၏ ယခုနှစ်ရွှေဝယ်လိုအား ကျသွားနိုင်ခြင်းဖြစ်ကြောင်း ကမ္ဘာ့ရွှေကောင်စီ (ဒဗလျူဂျီစီ)က ယနေ့တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

သို့သော် ယခုနှစ်အတွင်း ရွှေဝယ်လိုအား ကျဆင်းခဲ့ပါက အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေးလိုငွေပြမှုနည်းသွားနိုင်ပြီး ရူပီးငွေတန်ဖိုးအားကောင်းလာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားသည်။

ဒဗလျူဂျီစီ၏ခန့်မှန်းချက်အရ အိန္ဒိယနိုင်ငံ၏ ယခုနှစ်ရွှေဝယ်လိုအားမှာ ၂၀၂၂ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းကျဆင်း၍ မက်ထရစ်တန်ချိန် ၇၀၀ ထိရှိနိုင်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက အိန္ဒိယနိုင်ငံ၏ ၂၀၂၂ ခုနှစ် ရွှေဝယ်လိုအားသည် မက်ထရစ်တန်ချိန် ၇၇၄ ဒသမ ၁တန်ထိရှိခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ရွှေသတ္တုကို ဒုတိယအများဆုံးဝယ်ယူတင်သွင်းနေသည့် နိုင်ငံဖြစ်ရာ အိန္ဒိယ၏ရွှေဝယ်လိုအားကျဆင်းမှုသည် ကမ္ဘာ့ရွှေဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုများရှိလာနိုင်ကြောင်း သိရသည်။

KKO



# ဒုံးကျည်တပ်ဖွဲ့အကြီးအကဲသစ်အဖြစ် ဝန်ဟိုဘင်းကို တရုတ်သမ္မတ ရှီကျင့်ဖျင် ခန့်အပ်



**ပေကျင်း ဩဂုတ် ၁**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)ဒုံးကျည်တပ်ဖွဲ့ အကြီးအကဲသစ်အဖြစ် တရုတ်ရေတပ်ဒုတိယစစ်ဦးစီးချုပ်ဟောင်း ဝန်ဟိုဘင်းကို ဇူလိုင် ၃၁ ရက်တွင်ခန့်အပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပီအယ်လ်အေဖွဲ့စည်းတည်ထောင်မှု(၉၆)နှစ်မြောက်နှစ်ပတ်လည်နေ့ မတိုင်မီ ပီအယ်လ်အေဒုံးကျည်တပ်ဖွဲ့ အကြီးအကဲသစ်အဖြစ် ဝန်ဟိုဘင်းကို သမ္မတရှီကျင့်ဖျင်က ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သမ္မတ ရှီကျင့်ဖျင်သည် ပီအယ်လ်အေ ဒုံးကျည်တပ်ဖွဲ့၏ နိုင်ငံရေးမှူးအဖြစ် ပီအယ်လ်အေ တောင်ပိုင်းစစ်ဒေသ နိုင်ငံရေးမှူး ရှုရီရှင်းကို ခန့်အပ်ခဲ့သည်။

ပီအယ်လ်အေ ဒုံးကျည်တပ်ဖွဲ့ အကြီးအကဲရာထူးနှင့် နိုင်ငံရေးမှူးရာထူးများကို ဝန်ဟိုဘင်းနှင့်ရှုရီရှင်းတို့က ဗိုလ်ချုပ်ကြီး အဆင့်မြင့်ရယူရမည်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကွန်မြူနစ်ပါတီ၏ အကြီးအကဲဖြစ်သလိုပီအယ်လ်အေ၏စစ်သေနာပတိချုပ်လည်းဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးသဘောတရားကို အခြေခံသည့် နျူကလီးယားလက်နက် အသုံးပြုမှုမဟာဗျူဟာကို လိုက်နာမည်ဖြစ်ပြီး နျူကလီးယား လက်နက်များအား အရင်စသုံးမည်မဟုတ်ဟု တရုတ်စစ်ဘက်က ကြေညာထားကြောင်း သိရသည်။

KKO

# လေအားလျှပ်စစ်တာဘိုင်သစ်ခြောက်ခုကို ဆွစ်ဇာလန်နိုင်ငံ၌ စတင်တပ်ဆင်

**ဂျိုနီဗာ ဩဂုတ် ၁**



နိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပြည့်ဆည်းနိုင်စွမ်းကို မြှင့်တင်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံ ပြင်သစ်နယ်စပ်အနီးမြို့ငယ်တစ်မြို့တွင် ရေမရေအားလျှပ်စစ်တာဘိုင်များ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ လေအားလျှပ်စစ်တာဘိုင်ခြောက်ခုကို ဂျာမနီနိုင်ငံအခြေစိုက် အင်နာကွန်ကုမ္ပဏီက စိန့်ခရောစ်အမည်ရှိမြို့၌ တပ်ဆင်နေခြင်းဖြစ်သည်။

၎င်းလေအားလျှပ်စစ်တာဘိုင်များသည် အခြေအုတ်မြစ်ခုံမှ ပန်ကာထိပ်ဖျားထိ အမြင့် ၁၇၉ မီတာရှိကြောင်း သိရသည်။

ယင်းလေအားလျှပ်စစ်တာဘိုင်ခြောက်ခုသည် လူနေအိမ် ၆၀၀၀ အတွက် လုံလောက်သည့်လျှပ်စစ်ဓာတ်အားပမာဏကို ထုတ်လုပ်ပေးနိုင်ကြောင်း ဆွစ်ဇာလန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လေစွမ်းအင်သည် ယူကရိန်းစစ်ပွဲပြဿနာကြောင့် ဥရောပသို့ ဓာတ်ငွေ့ဖြည့်ဆည်းနိုင်မှု ကျဆင်းလာချိန်တွင် ဆွစ်ဇာလန်၏စွမ်းအင်လုံခြုံရေးအတွက် အရေးကြီးလာကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

သို့သော် ပြီးခဲ့သည့်နှစ်အတွင်း ဆွစ်ဇာလန်နိုင်ငံသည် လေအားလျှပ်စစ်တာဘိုင် ၄၁ခုကိုသာ လုပ်ငန်းလည်ပတ်နိုင်သေးကြောင်း သိရသည်။

KKO

# ဘေးအန္တရာယ်ကျရောက်နေသည့် ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် ဗင်းနစ်မြို့ကိုထည့်သွင်းရန် ယူနက်စကိုကျွမ်းကျင်သူများ အကြံပြု

**ပဲရစ် ဩဂုတ် ၁**

ဘေးအန္တရာယ် ကျရောက်နေသည့် ကမ္ဘာ့အမွေအနှစ်နယ်မြေများစာရင်းတွင် အီတလီနိုင်ငံ ဗင်းနစ်မြို့နှင့်မြို့တည်ရှိရာ ပင်လယ်ထုံးအိုင်နယ်မြေတို့ကို ထည့်သွင်းရန် ကုလသမဂ္ဂ ပညာရေး၊ ယဉ်ကျေးမှုနှင့်သိပ္ပံအဖွဲ့(ယူနက်စကို)ကျွမ်းကျင်သူများက အကြံပြုထားကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

အီတလီအစိုးရ အနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့်ခရီးအသွားအလာများမှုပြဿနာများမှ ဗင်းနစ်မြို့ကိုကာကွယ်ရေးအတွက် လုံလုံလောက်လောက် ဆောင်ရွက်မှုမရှိခဲ့ကြောင်း ယူနက်စကိုကျွမ်းကျင်သူများက သုံးသပ်ထားသည်။

ယူနက်စကို ကမ္ဘာ့အမွေအနှစ်နယ်မြေများဗဟိုဌာနမှ ကျွမ်းကျင်သူများသည် ယူနက်စကိုကမ္ဘာ့အမွေအနှစ်နယ်မြေများစာရင်းတွင် ပါဝင်သော နယ်မြေပေါင်း ၁၁၅၇ခုတို့၏အခြေအနေများကို ပုံမှန်အကဲဖြတ်ဆန်းစစ်လေ့ရှိသည်။

ယခုနှစ်စက်တင်ဘာလအတွင်း ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ကျင်းပမည့် ယူနက်စကို ၂၁ နိုင်ငံကော်မတီ အစည်းအဝေးတွင် ကျွမ်းကျင်သူများက ကမ္ဘာ့အမွေအနှစ်နေရာ ၂၀၀ ကျော်ကို အကဲဖြတ်လေ့လာ၍ မည်သည့်နေရာများအား ဘေးအန္တရာယ်ကျရောက်နေသော နေရာများအဖြစ် သတ်မှတ်မည်ကို ဆုံးဖြတ်မည်ဖြစ်သည်။


ယူနက်စကို ကျွမ်းကျင်သူများသည် အဆိုပါကမ္ဘာ့အမွေအနှစ်နေရာပေါင်း ၂၀၀ ကျော်အနက် ဗင်းနစ်မြို့အပါအဝင် နေရာပေါင်း ၁၀ ခုကို ဘေးအန္တရာယ်ကျရောက်နေသည့် အမွေအနှစ်နယ်မြေများအဖြစ် သတ်မှတ်ရန် အကြံပြုထားသည်။


တူးမြောင်းများနှင့် ယဉ်ကျေးမှုအမွေအနှစ် နေရာများကြောင့် ကျော်ကြားသည့် ဗင်းနစ်မြို့သည် ပြီးခဲ့သည့်နှစ်များအတွင်း ရာသီဥတုပြောင်းလဲမှုပြဿနာနှင့် ခရီးအသွားအလာများလွန်းမှုပြဿနာများကို ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ချီလီနိုင်ငံ အင်ဒီးစ်တောင်တန်းအနီး သဲကန္တာရနယ်မြေတစ်ခုက ကမ္ဘာပေါ်၌ နေရောင်အသာဆုံးဒေသဖြစ်









**ဆန်တီယာဂို ဩဂုတ် ၁**

ချီလီနိုင်ငံ အင်ဒီးစ်တောင်တန်းအနီး သဲကန္တာရနယ်မြေတစ်ခုသည် ကမ္ဘာပေါ်၌ နေရောင်အသာဆုံးဒေသဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇူလိုင် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

ချီလီနိုင်ငံ စန်တီယေဂိုတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ ကမ္ဘာ့နေအသာဆုံးနေရာမှာ ချီလီနိုင်ငံမြောက်ပိုင်း အက်တာကာမာသဲကန္တာရနယ်မြေအတွင်းရှိ ချာနင်တာကုန်းမြင့်ဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေပြင်အထက် အမြင့်မီတာ ၄၈၀၀ တွင်ရှိသော ချာနင်တာကုန်းမြင့်ကို ရိုက်ခတ်သည့် ခရမ်းလွန်ရောင်ခြည်အဆင့်သည် သောကြာဂြိုဟ်ပေါ် ရိုက်ခတ်နေသော ခရမ်းလွန်ရောင်ခြည်အဆင့်လောက်ရှိသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ချာနင်တာကုန်းမြင့်သည် မိုးတိမ်ကင်းစင်နေတတ်မှုကြောင့် ကမ္ဘာ့နေအသာဆုံးနေရာ ဖြစ်လာခဲ့ရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကုန်းမြင့်ဒေသ၏ ပျမ်းမျှအပူချိန်သည် နွေရာသီအတွင်း တစ်ခါတစ်ရံ ၃၉ ဒသမ ၂ ဒီဂရီဖယ်ရင်ဟိုက်ထိသာ ရှိတတ်သော်လည်း အဆိုပါဒေသပေါ် ကျရောက်သည့် ခရမ်းလွန်ရောင်ခြည်အဆင့်မှာ သောကြာဂြိုဟ်ပေါ် ကျရောက်နေသော ခရမ်းလွန်ရောင်ခြည်အဆင့်လောက် ပြင်းထန်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ချာနင်တာကုန်းမြင့်ဒေသ၌ နေထိုင်သူများအဖို့ အဆိုပါနယ်မြေ၌ ဖြာထွက်ရောင်ခြည် အန္တရာယ်အဆင့်မြင့်မားတတ်သည်ကို သတိထားရန်လိုကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO


## ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပထမဆုံးဓာတ်ပုံများကို ဥရောပအာကာသအေဂျင်စီက ကမ္ဘာမြေသို့ ပြန်လည်ပေးပို့

**ပဲရစ် ဩဂုတ် ၁**

ဥရောပအာကာသအေဂျင်စီသည် ယူကလစ် အာကာသရေဒီယိုတယ်လီစကုပ်၏ ပထမဆုံးဓာတ်ပုံများကို ဇူလိုင် ၃၁ ရက်က ကမ္ဘာမြေသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဓာတ်ပုံများအရ ယူကလစ် အာကာသရေဒီယိုတယ်လီစကုပ်တွင် တပ်ဆင်ထားသည့်စူးစမ်းလေ့လာရေးစနစ်များ အကောင်းဆုံးအနေအထား၌ ရှိနေသည်ကိုတွေ့ရကြောင်း ဥရောပ အာကာသအေဂျင်စီ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဥရောပအာကာသအေဂျင်စီသည် ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်ကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် ဇူလိုင် ၁ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




လက်ရှိအချိန်တွင် ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့်မိုင် တစ်သန်းခန့်အကွာ၌ရှိသော အာကာသနယ်မြေအတွင်း နေရာယူထားသည်။

အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၀ ဘီလီယံအကွာတွင်ရှိသော ကြယ်စုများကိုလေ့လာ၍ စကြဝဠာ၏သဘာဝကို ဖော်ထုတ်မည်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီ သိပ္ပံပညာရှင်များသည် လာမည့်လအနည်းငယ်ထိ ယူကလစ်အာကာသရေဒီယိုတယ်လီစကုပ်၌ တပ်ဆင်ထားသော စူးစမ်းလေ့လာရေးစနစ်များကို ဆက်လက်စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

KKO

## အိန္ဒိယနှင့် ဂျပန်သိပ္ပံပညာရှင်များက တွင်းထွက်အနည်ကျကျောက်သားများအတွင်း ခိုအောင်းနေသည့် ကမ္ဘာဦးရေဓာတ်များကို ရှာဖွေတွေ့ရှိထား

**နယူးဒေလီ ဩဂုတ် ၁**

အိန္ဒိယနှင့်ဂျပန်သိပ္ပံပညာရှင်များသည် တွင်းထွက်အနည်ကျကျောက်သားများအတွင်းခိုအောင်းနေသည့် ကမ္ဘာဦးရေဓာတ်များကိုရှာဖွေတွေ့ရှိထားကြောင်း The Hindu သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါရေများသည် သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၆၀၀ ထိရှိပြီး ရှေးဟောင်းသမုဒ္ဒရာ တစ်စင်းမှ ကျန်ရစ်ခဲ့သောရေဓာတ်များဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ရှေးဟောင်းသမုဒ္ဒရာရေများကို အိန္ဒိယနိုင်ငံ ဟိမဝန္တာကုန်းမြင့်အနောက်ပိုင်း ကျောက်လွှာများအတွင်းရှိ ကယ်လ်စီယမ်နှင့် မဂ္ဂနီစီယမ်ကာဗွန်နိတ် တွင်းထွက်များအတွင်း တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

မိမိတို့၏ အထက်ပါတွေ့ရှိချက်သည် ကမ္ဘာပေါ်၌လေထုလွှာအတွင်း အောက်ဆီဂျင်ပါဝင်မှုအကြီးအကျယ်မြင့်တက်မှုဖြစ်စဉ်တစ်ရပ် လွန်ခဲ့သောနှစ်ပေါင်းသန်း ၆၀၀ နှင့် ၇၀၀ ကြား ပေါ်ထွက်နိုင်ခဲ့ဖွယ်ရှိသည်ကို သက်သေပြနေကြောင်း ဂျပန်နှင့်အိန္ဒိယ သိပ္ပံပညာရှင်များက ပြောကြားသည်။

လွန်ခဲ့သောနှစ်ပေါင်း သန်း ၆၀၀ နှင့် ၇၀၀ ကြားတွင် ကမ္ဘာမြေကို ကာလအတိုင်းအတာတစ်ရပ်ထိ ဖုံးလွှမ်းထားခဲ့ပြီး ၎င်းဖြစ်စဉ်နောက်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း အောက်ဆီဂျင်စုစည်းမှုမြင့်တက်လာခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ထိုကဲ့သို့ ကမ္ဘာ့လေထုလွှာအတွင်း အောက်ဆီဂျင်ပါဝင်မှုမြင့်တက်လာခြင်းကြောင့် ဖွံ့ဖြိုးပုံရှုပ်ထွေးသည့်သက်ရှိများ စတင်ပေါ်ထွက်လာရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# HEALTH

## စိတ်ကျန်းမာရေး ပြဿနာရှိသူများ ပြင်းထန်သောအပူဒဏ်ကြောင့် အခြေအနေဆိုးလာနိုင်

**နယူးယောက် ဩဂုတ် ၁**

အမေရိကန်နိုင်ငံ၌ ရင်ဆိုင်နေရသည့် ပြင်းထန်သောအပူဒဏ်ကြောင့် စိတ်ကျန်းမာရေးပြဿနာရှိသူများ အခြေအနေဆိုးလာနိုင်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်မှုနှင့် စိုးရိမ်သောကစိတ်များ ပေါ်လာတတ်ရာ အကျိုးဆက်အားဖြင့် စိတ်ကျန်းမာရေးပြဿနာရှိသူများ အခြေအနေဆိုးလာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ပြင်းထန်လွန်ကဲသည့် အပူဒဏ်ကြောင့် စိတ်ကျန်းမာရေးပြဿနာရှိနေသူများမှာ ဒေါသဖြစ်လွယ်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်လွယ်ခြင်း၊ ရန်လိုခြင်း၊ စိတ်ဖိအားဝင်ခြင်း စသည့်ပြဿနာများဖြင့် ရင်ဆိုင်ရနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အပူဒဏ်သည် စိတ်ခံစားမှုကို ထိန်းညှိပေးသည့် ဆီရိုတိုနင်း (Serotonin)ခေါ် ဟော်မုန်းတစ်မျိုးကို ဖိနှိပ်တတ်ရာ အကျိုးဆက်အားဖြင့် ပျော်ရွှင်မှုအဆင့်ကျလာပြီး စိတ်ဖိအားအဆင့် မြင့်လာတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ပြင်းထန်သည့်အပူဒဏ်ဖြင့် ရင်ဆိုင်နေရစဉ်အတွင်း ရေဓာတ် ဖြည့်တင်းထားရန်နှင့် အပြင်ထွက်ချိန်တွင် ခေါင်းကိုလုံလုံခြုံခြုံ ဖုံးကာထားသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

ထို့ပြင် အပူချိန်လွန်ကဲနေချိန်တွင် စိတ်ကျန်းမာရေးပြဿနာရှိနေသူများအနေဖြင့် အချို့ဆေးဝါးများနှင့်အပူဒဏ်တို့ သင့်လျော်မှုရှိ၊မရှိ ဆရာဝန်များကို မေးမြန်းသင့်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## အယ်ဇိုင်းမားရောဂါကာကွယ်ဆေးသစ်တစ်မျိုးကို သုတေသနပညာရှင်များ စမ်းသပ်လျက်ရှိ

**တိုကျို ဩဂုတ် ၁**

အယ်ဇိုင်းမားရောဂါ ကာကွယ်ပေးနိုင်မည့် ဆေးသစ်တစ်မျိုးကို သုတေသန ပညာရှင်များက စမ်းသပ်လျက်ရှိရာ အလားအလာကောင်းများ ပေါ်ထွက်နေကြောင်း The Daily Mail သတင်းစာက ဇူလိုင် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျပန်သုတေသနပညာရှင်များသည် အဆိုပါအယ်ဇိုင်းမားရောဂါကာကွယ်ဆေးကို ဓာတ်ခွဲခန်းအတွင်း ကြွက်များဖြင့် စမ်းသပ်ခဲ့ရာ အယ်ဇိုင်းမားရောဂါ ဖြစ်ပွားရခြင်း၏ အကြောင်းတရားဖြစ်သည့် အမိလွိုက်(Amyloid) ပရိုတင်းများကို ရှင်းထုတ်ပေးနိုင်သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

ထို့ပြင် အဆိုပါဆေးသစ်သည် အယ်ဇိုင်းမားလူနာများ၌ တွေ့ရတတ်သည့် အပြုအမူအပြောင်းအလဲများကိုလည်း တားဆီးပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါ ကာကွယ်ဆေးသည် ပုံတူဆပွားနိုင်မှုမရှိတော့သည့်တိုင် သေဆုံးခြင်းလည်း မရှိသေးသည့် ဦးနှောက်ဆဲလ်များ၏ မျက်နှာပြင်ပေါ်ရှိ SAGP ခေါ် မော်လီကျူးတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဓာတ်ခွဲခန်းစမ်းသပ်မှုများအရ အဆိုပါကာကွယ်ဆေးသည် ကြွက်များ၏ ဦးနှောက်အတွင်းရှိ SAGP မော်လီကျူးများကို ထိန်းချုပ်ပေးနိုင်ပြီး အမိလွိုက်ပရိုတင်းများကို ထိရောက်စွာ ရှင်းထုတ်ပေးနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



# WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ဂျို့ရှ်ဝါရင်တန်နှင့် ထိုးသတ်မည်ဟု လိုက်ဝုဒ် အတည်ပြုထုတ်ပြန်




**ရက်ဖီး ဩဂုတ် ၁**

WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အင်္ဂလန်လက်ဝှေ့သမားလိုက်ဝုဒ်က စိန်ခေါ်သူ တစ်နိုင်ငံတည်းသားလက်ဝှေ့သမား ဂျို့ရှ်ဝါရင်တန်နှင့် အောက်တိုဘာ ၇ ရက်တွင် အင်္ဂလန်နိုင်ငံ ရက်ဖီးမြို့တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ဟု DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျို့ရှ်ဝါရင်တန်သည် IBF ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့ဖူးသည့် ကမ္ဘာ့ချန်ပီယံဟောင်း တစ်ဦးဖြစ်ပြီး IBF ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံအား စွန့်လွှတ်ခဲ့ရပြီးနောက် ကမ္ဘာ့ချန်ပီယံ ပြန်လည်ဖြစ်ခွင့်ရရေးအတွက် လိုက်ဝုဒ်အား စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

လိုက်ဝုဒ်သည်လည်း ယခုနှစ် ဖေဖော်ဝါရီလတွင် WBA ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုအား မက္ကဆီကိုလက်ဝှေ့သမား မာရီစီယိုအားရှုံးနိမ့်ကာ စွန့်လွှတ်ခဲ့ရသော်လည်း မေလတွင် မကျေပွဲပြန်လည်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရရှိပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့သည်။

ဖယ်သာဝိတ်တန်းလောကတွင် အကောင်းဆုံး အင်္ဂလန်လက်ဝှေ့သမားနှစ်ဦး၏ ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ် ဖြစ်သည့်အတွက်ကြောင့် အင်္ဂလန် လက်ဝှေ့ပရိသတ်များအတွက် စိတ်လှုပ်ရှားစရာကောင်းသည့် စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာနိုင်သည်။

လိုက်ဝုဒ်က "အောက်တိုဘာ ၇ ရက်မှာထိုးသတ်သွားရမဲ့ ချန်ပီယံကာကွယ်ပွဲစဉ်အတွက် တကယ်ကို စိတ်လှုပ်ရှားမိပါတယ်။ ဗြိတိန်မှာ ဘောလုံးအားကစားနဲ့ လက်ဝှေ့အားကစားဟာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ အားကစားနည်းတွေဖြစ်ပါတယ်။ ဘောလုံးအသင်းမှာ ကလပ်အသင်းတစ်သင်းနဲ့တစ်သင်း အပြိုင်အဆိုင်ဖြစ်နေကြသလို လက်ဝှေ့လောကရဲ့ ဖယ်သာဝိတ်တန်းမှာလဲ ဝါရင်တန်နဲ့ကျွန်တော်က အဓိက ပြည်တွင်းပြိုင်ဘက်တွေဖြစ်ပါတယ်။ ပရိသတ်တွေမြင်တွေ့ချင်တဲ့ စိန်ခေါ်ပွဲဖြစ်သလို ကျွန်တော်တို့နှစ်ယောက်စလုံးအတွက်လဲ ဘယ်သူက အင်္ဂလန်မှာ ဖယ်သာဝိတ်တန်းရဲ့ အကောင်းဆုံး လက်ဝှေ့သမားဖြစ်တယ်ဆိုတာ အဖြေပေါ်လာမဲ့ ပွဲစဉ်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။ AZL

# ချဲလ်ဆီးအသင်းက လူငယ်ခံစစ်ကစားသမား ကိုးဝဲလ်ကို ခြောက်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို

**လန်ဒန် ဩဂုတ် ၁**

ချဲလ်ဆီးအသင်းက အသင်းမှ လူငယ်ကြယ်ပွင့်ကစားသမားတစ်ဦးဖြစ်သည့် ကိုးဝဲလ်ကို ခြောက်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ သာရှိသေးသည့် ကိုးဝဲလ်သည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ချဲလ်ဆီးအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့သော်လည်း အသင်းတွင် ကစားခွင့်မရရှိခဲ့ဘဲ ဟတ်ဒါဖီးလ်အသင်းနှင့် ဘရိုက်တန်အသင်းတို့သို့ အငှားစာချုပ်များဖြင့် သွားရောက်ကစားခဲ့သူဖြစ်သည်။

ကိုးဝဲလ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘရိုက်တန်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာတွင် ပြိုင်ပွဲစုံ ၂၂ ပွဲထိပါဝင်ကစားခွင့်ရရှိခဲ့ပြီး အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

အစောပိုင်းက ဘရိုက်တန်အသင်းသည် ကိုးဝဲလ်ကို အပြီးသတ်စာချုပ်ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ချဲလ်ဆီးအသင်းက ကိုးဝဲလ်ကို အသင်းအနာဂတ်စီမံကိန်း၌ထည့်သွင်းထားသည့်အတွက် ဘရိုက်တန်အသင်း၏ ကမ်းလှမ်းမှုကိုပယ်ချခဲ့ပြီး သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ စဗစ်တိုလီနာ တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်ကျင်းပနေသည့် Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် နာမည်ကြီးကစားသမားများဖြစ်ကြသည့် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာက ဘီလာရုစ်တင်းနစ်မယ် အဇာရင်ခါနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စဗစ်တိုလီနာက (၇-၆ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA က ယနေ့တွင်ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်ခဲ့ဖူးသော အဇာရင်ခါနှင့် ကမ္ဘာ့အဆင့်(၃)နေရာတွင် ရပ်တည်ခဲ့ဖူးသည့် စဗစ်တိုလီနာတို့ကြား ထိပ်တိုက်တွေ့ဆုံသည့်ပွဲစဉ်ဖြစ်သည့်အတွက်ကြောင့် အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး ပွဲကစားချိန်မှာလည်း ၁ နာရီ ၄၇ မိနစ်ထိ ကြာမြင့်ခဲ့သည်။

ယခုနှစ် တင်းနစ်ရာသီအတွင်း ပုံမှန်လက်စွမ်းအောက် ရောက်နေသည့် အဇာရင်ခါအနေဖြင့် အကောင်းဆုံးပုံစံရနေသည့် စဗစ်တိုလီနာအား ပထမပွဲငယ်တစ်ပွဲ၌ အမှားနည်းအောင် ကစားနိုင်ခဲ့ပြီး ဒုတိယပွဲငယ်တွင် အမှားများခဲ့သည့်အတွက် အရှုံးရလဒ်ဖြင့် ရင်ဆိုင်သွားခဲ့ရသည်။

စဗစ်တိုလီနာအနေဖြင့် အဇာရင်ခါအား အနိုင်ကစားနိုင်ခဲ့ပြီး ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ပထမအဆင့်တွင် လက်စွမ်းပိုင်းမတည်မငြိမ်ဖြစ်ခဲ့ခြင်းအပေါ် အားရကျေနပ်မှုမရှိကြောင်း ပြောကြားခဲ့သည်။

စဗစ်တိုလီနာက "ပထမအဆင့်မှာအနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမဲ့လဲ ပထမအဆင့်ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာ အားရကျေနပ်မှုတော့ မရှိပါဘူး။ လက်စွမ်းပိုင်းက အတက်အကျမြန်နေသလို ကစားပုံပိုင်းကမတည်မငြိမ်ဖြစ်ခဲ့တယ်။ ကျွန်မအနေနဲ့ ပွဲစဉ်တစ်ပွဲချင်းစီတိုင်းမှာ ပိုပြီးတော့ အာရုံစိုက်နိုင်ဖို့လိုအပ်နေတယ်။ ပြိုင်ပွဲဝင်ဖို့ကွင်းထဲဝင်လိုက်တာနဲ့ အာရုံကို ပွဲအပေါ်မှာပဲအပြည့်စိုက်နိုင်ဖို့အတွက် ကြိုးစားသွားရမယ်။ ဒီနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ပြိုင်ပွဲတွေမှာ ကစားနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းကို ခြုံပြောရရင်တော့ တိုးတက်မှုရှိလာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL




# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ဟံသာဝတီယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ




**ရန်ကုန် ဩဂုတ် ၁**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ဟံသာဝတီယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ကချင်ယူနိုက်တက်အသင်းအနေဖြင့် ဟံသာဝတီယူနိုက်တက်အသင်းတိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့သော်လည်း ပွဲချိန် ၂၇ မိနစ်တွင် အောင်ဇေယျနှင့် ပွဲချိန် ၄၅မိနစ်တွင် အောင်မြတ်သူတို့က ဟံသာဝတီယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံးဂိုးသွင်းခွင့် အခွင့်အရေးအချို့ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ပထမပိုင်းသွင်းဂိုးများဖြင့် ဟံသာဝတီယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် အောင်မြတ်သူက ရရှိခဲ့ကြောင်းသိရသည်။ STA

# အမျိုးသမီးဂေါက်သီးရိုက် ကမ္ဘာ့အဆင့်(၁)နေရာကို နယ်လီကော့ဒါက ဂျင်ယန်းကိုထံမှ လွှဲပြောင်းရရှိ

**ပဲရစ် ဩဂုတ် ၁**

ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သော Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိသော်လည်း ကမ္ဘာ့အဆင့်(၁)နေရာကို အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါကတောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုထံမှ လွှဲပြောင်းရရှိခဲ့ကြောင်း ST သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Evian Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယ်လီကော့ဒါသည် အမှတ်ပေးဇယား၏ T9 နေရာဖြင့်သာ အဆုံးသတ်နိုင်ခဲ့သော်လည်း ဂျင်ယန်းကိုမှာ အမှတ်ပေးဇယား၏ T 20 နေရာတွင် အဆုံးသတ်ခဲ့ရသည့်အတွက်ကြောင့် နယ်လီကော့ဒါက ဂျင်ယန်းကိုထံမှ ကမ္ဘာ့အဆင့်(၁)နေရာကို လွှဲပြောင်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျင်ယန်းကိုအနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာကို လွှဲပြောင်းပေးလိုက်ရပြီဖြစ်သော်လည်း အမျိုးသမီး ဂေါက်သီးရိုက်လောကတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရက်သတ္တပတ်အများဆုံး ရပ်တည်နိုင်ခဲ့သည့် ဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ထားနိုင်ဆဲဖြစ်သည်။

နယ်လီကော့ဒါအနေဖြင့် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်သွားနိုင်ခဲ့ခြင်းကြောင့် Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန်အသင်းအတွက် ပါဝင်ယှဉ်ပြိုင်ခွင့်ကို အခိုင်အမာရရှိသွားခဲ့သည်။

နယ်လီကော့ဒါသည် ကမ္ဘာ့အဆင့် သတ်မှတ်ရိုက်ချက်အမှတ်ပေးဇယားတွင် ရမှတ် ၇ ဒသမ ၇၅ ရမှတ်ဖြင့် ကမ္ဘာ့အဆင့်(၁)နေရာတွင်လည်းကောင်း၊ ဂျင်ယန်းကိုက ရမှတ် ၇ ဒသမ ၅၄ ရမှတ်ဖြင့် ကမ္ဘာ့အဆင့်(၂)နေရာတွင်လည်းကောင်း၊ နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုက ရမှတ် ၆ ဒသမ ၃၈ မှတ်ဖြင့်လည်းကောင်း ကမ္ဘာ့အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

AZL

# အောင်စေသတည်း

ဇော်လေး

သင်တကယ် အောင်မြင်ချင်သလား။

"အောင်မြင်ချင်တာပေါ့"။

"တကယ်အောင်မြင်ချင်တာပေါ့"လို့ ပြောပါလား။

"ဟုတ်ကဲ့၊ တကယ်အောင်မြင်ချင်ပါတယ်"။

ကောင်းပြီ။ တကယ်အောင်မြင်ချင်ရင် ကျွန်တော်က အမှန်တကယ်အောင်မြင်စေနိုင်တဲ့အကြောင်းအချက်၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ သိမြင်ရမယ့်အရာ၊ ကျင့်သုံးရမယ့်အရာ၊ သတိထားရမယ့်အရာ၊ ရှောင်ကြဉ်ရမယ့်အရာ စသဖြင့် ဆွေးနွေးစရာတွေ အများကြီးပါပဲ။ များမှာပေါ့။ စာရေးသူ နှစ်ပေါင်း ငါးဆယ်လောက် စိတ်အားထက်သန်စွာနဲ့ ဒီဘာသာရပ်၊ ဒီအရေးကိစ္စကိုသာ စူးစူးစိုက်စိုက်လေ့လာဆည်းပူးခဲ့တာရယ်။ လူတစ်လုံး၊ သူတစ်လုံးအခြေအနေကိုလည်း ရောက်နိုင်ပါတယ်ဆိုတာ ကိုယ်တိုင်ကိုယ်တွေ့လည်း ဖြတ်သန်းခဲ့ဖူးပါတယ်။

စာတွေ့သက်သက် စာအုပ်ထဲကဟာတွေ၊ ကျက်မှတ်ထားတာတွေပဲ ပြန်ပြီးရွတ်ပြ၊ အံပြမှာမဟုတ်ပါ။

လူငယ်လူရွယ်ဘဝမှာ အစကောင်းဖို့လိုပေတယ်။ ပြောနေကျအပ်ကြောင်းထပ်အောင် လူတိုင်းပြောလေ့ရှိကြတဲ့ စကားမျိုး အကြံဉာဏ်ပေးချက်ကတော့ ဆရာသမားကောင်းကို ဆည်းကပ်၊ မိတ်ဆွေကောင်းတွေပေါင်း၊ စာကောင်းပေကောင်းတွေဖတ် စသဖြင့်ပေါ့။

စာရေးသူ ယခုဆွေးနွေးမှာကတော့ အသက် ၂၀၊ ၂၅ နှစ်ဝန်းကျင် လူငယ်များအတွက် ရည်ရွယ်ပြီး တိတိကျကျ၊ ရေရေရာရာရှိကြတဲ့ အကြောင်းအရာတွေ ရွေးပြီး ဆွေးနွေးပါမယ်။ စာဖတ်သူလူများစု အကြိုက်ကျအောင် ရေးမှာတော့မဟုတ်ဘူး။ စာဖတ်သူ လူနည်းစု အကျိုးရရှိစေမှာ သေချာတာတွေကို ရွေးချယ်စုဆောင်းပြီး ပြောမယ်။

အောင်မြင်သူတွေကို လေ့လာကြည့်လိုက်။

နီးစပ်သမျှကိုယ်တွေ့နဲ့၊ မျက်မြင်နဲ့၊ မေးမြန်းစူးစမ်းတာနဲ့၊ စာဖတ်ပြီး အတ္ထုပ္ပတ္တိတွေထဲက ကြည့်ခဲ့သိခဲ့တာတွေနဲ့ ချိန်ထိုးကြည့်လိုက်။ တူတာတစ်ခုတွေ့ရမယ်။

**အောင်မြင်သူတိုင်းဟာ စီမံကိန်းချသူတွေပါပဲ။**

အောင်မြင်ခဲ့ကြတဲ့လူတွေက စိတ်ကူးပေါက်ရာ အရှုးချေးပန်းလျှောက်လုပ်နေသူ လူစားမျိုးများမဟုတ်ကြ။ **တိတိကျကျ၊ ခိုင်ခိုင်မာမာ ရည်မှန်းချက်ပန်းတိုင် ရွေးချယ်ချမှတ်ပြီး အလုပ်နဲ့လက်တွေ့ အကောင်အထည်ဖော်ခဲ့ကြသူတွေမဟုတ်လား။**

**ရည်မှန်းချက်ရှိရတယ်။**

**ပန်းတိုင်တိတိကျကျချမှတ်ခဲ့ကြတယ်။**

အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းဖြေရှင်းကျော်နင်းခဲ့တယ်။ နောက်ဆုံးတော့ အောင်မြင်မှုပန်းတိုင်ကို သူရောက်ခဲ့တယ်။ ဒါပဲလေ။ စာမျက်နှာ ၄၀၀၊ ၅၀၀ ဖတ်ကောင်းအောင်ရေးထားတဲ့ ဝတ္ထုရှည် ဇာတ်လမ်းဇာတ်ကြောင်းတစ်ခုကို လက်ဝါးလောက် စာရွက်တစ်ရွက်နဲ့ ပြည့်စုံအောင်ရေးပြပါဆိုရင် သံခိပ် (အနှစ်ချုပ်)က ဒါပဲလေ။

**အောင်မြင်ချင်ရင် စီမံကိန်းချရမှာပဲ။**

အခုလိုပြောတာကို တက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူး သုံးဘာသာ၊ လေးဘာသာ၊ ငါးဘာသာ သို့မဟုတ် ဘာသာစုံဂုဏ်ထူးရခဲ့ဖူးသူတွေဆို ပိုပြီးသဘောပေါက်ကြပါတယ်။

တက္ကသိုလ်ဝင်တန်းကို အမှတ် ၁၀၀ ပေးထားရာမှာ အမှတ် ၄၀ ရရင်အောင်တာပဲ။ ဒါကို သူတို့က အမှတ် ၈၀ စီလောက်ရအောင်၊ ၈၀ ကျော်ရအောင် ဖြေနိုင်စွမ်းရှိခဲ့ကြသူတွေဆိုရင် ကိုယ်တွေ့နားလည်သဘောပေါက်တယ်လေ။ သူတို့ဟာ စီမံကိန်းကို စိတ်ကူးထဲ၊ လေထဲတင်ထားတာမဟုတ်ဘူး။ အစီအစဉ်တကျ ရေးချထားခဲ့ကြသေးတာကိုး။ စာရွက်ပေါ်မှာရေးပြီး စဉ်းစားခြင်းဟာ ထူးခြားတဲ့ စွမ်းအားစွမ်းရည်ကိုထွက်ပေါ်စေပါတယ်။ လုပ်ချင်တာကို

❖ အောင်မြင်သူတွေကို လေ့လာကြည့်လိုက်။ နီးစပ်သမျှ ကိုယ်တွေ့နဲ့၊ မျက်မြင်နဲ့၊ မေးမြန်းစူးစမ်းတာနဲ့၊ စာဖတ်ပြီး အတ္ထုပ္ပတ္တိတွေထဲက ကြည့်ခဲ့သိခဲ့တာတွေနဲ့ ချိန်ထိုးကြည့်လိုက်။ တူတာတစ်ခုတွေ့ရမယ်။ အောင်မြင်သူတိုင်းဟာ စီမံကိန်းချသူတွေပါပဲ။ အောင်မြင်ခဲ့ကြတဲ့လူတွေက စိတ်ကူးပေါက်ရာ အရှုးချေးပန်းလျှောက်လုပ်နေသူ လူစားမျိုးများမဟုတ်ကြ။ တိတိကျကျ၊ ခိုင်ခိုင်မာမာ ရည်မှန်းချက်ပန်းတိုင် ရွေးချယ်ချမှတ်ပြီး အလုပ်နဲ့လက်တွေ့ အကောင်အထည်ဖော်ခဲ့ကြသူတွေမဟုတ်လား။ ရည်မှန်းချက်ရှိရတယ်။ ပန်းတိုင်တိတိကျကျချမှတ်ခဲ့ကြတယ်။ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းဖြေရှင်းကျော်နင်းခဲ့တယ်။ နောက်ဆုံးတော့ အောင်မြင်မှုပန်းတိုင်ကို သူရောက်ခဲ့တယ်။ ❖

ချပြီးရေးပါ။ ဖြစ်ချင်တာကို ချရေးပါ။ စာရေးသူရဲ့ ဝန်ထမ်းဘဝ နှစ်ပေါင်း ၄၀ ကျော်မှာ တာဝန်ယူအကောင်အထည်ဖော်ခဲ့ကြရတာတွေဟာ ရာနှုန်းပြည့်နီးပါး (ဂုဏ်ထူးရအမှတ်အဆင့်) အောင်မြင်ခဲ့တာချည်းပဲ။ ဘာဖြစ်လို့ ဒီလိုအောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့တာလဲ။

**မဟာဗျူဟာကျကျတွေးခေါ်မြော်မြင်ပြီး စီမံချက်ချရပါမယ်။**

အမြဲတစေဖြစ်နိုင်ခြေတွေကို လမ်းဖွင့်ထားရမယ်။ အလုပ်မှာ ဝီရိယအားထည့်လုပ်ပါ။

တွေးဆချက်များမှ ထုတ်ယူဆင်ခြင် နည်းစနစ်တကျ တွေးခေါ်စဉ်းစားပုံကို စာအုပ်တွေအများကြီးဖတ်ပြီး လေ့လာဖူးပါတယ်။ အကြိုက်ဆုံး၊ အရှင်းဆုံးကတော့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရဲ့ ပထမဦးဆုံးဟောကြားတော်မူခဲ့တဲ့ ဓမ္မစကြာတရားတော်မှာပါတဲ့ သစ္စာလေးပါးမြတ်တရား ထုတ်ဖော်တွေ့ရှိပုံစဉ်းစားချက်ပဲ။

၁။ **ပြဿနာ** = ဒုက္ခသစ္စာ-ဆင်းရဲခြင်းဖြစ်တည်မှုအမှန်၊

၂။ **အကြောင်း** = သမုဒယသစ္စာ-ဆင်းရဲကြောင်းအမှန်၊

၃။ **အဖြေ** = နိရောဓသစ္စာ-ဆင်းရဲလွတ်မြောက်ခြင်းအမှန်၊

၄။ **ဖြေနည်း** = မဂ္ဂသစ္စာ-ဆင်းရဲလွတ်ကြောင်းလမ်းမှန်

(တွက်နည်း) (၈)ပါး၊

ဒါကိုမသိသူတွေ အဝိဇ္ဇာတရားနဲ့၊ တဏှာနဲ့ပေါင်းစပ်ရောနှောပြီး သံသရာရေလျဉ်ကြောမှာ မျောကြ၊ နစ်ကြ၊ ကူးခပ်နေကြရတာပဲ။ စဉ်းစားပုံ၊ ဖြေရှင်းပုံ အကောင်းဆုံးနမူနာသာဓကလို့ ဆိုချင်တယ်။

ပီးသောရော့စ် (P.Thirous) ဆိုသူ အနောက်တိုင်းပညာရှင်တစ်ဦးက သူ့ရဲ့ဒဿနိကဗေဒ (Philosophy) စာအုပ်မှာ ခွဲခြမ်းစိတ်ဖြာခြင်း (Analysis) ကို အခြေခံတဲ့ ကြံဆတွေးတောခြင်း (Speeulation) မှာ ခွဲခြမ်းစိတ်ဖြာမှုအဆင့် ခုနစ်ဆင့်ရှိတယ်လို့ ဆိုခဲ့ပါတယ်။ တကယ်က တစ်ခုချင်းကို အခန်းတစ်ခုစီ ရှင်းပြမှ ပြည့်စုံနိုင်မယ်။ ဒီနေရာမှာတော့ ဆက်လက်လေ့လာနိုင်ကြစေရန် အဆင့်ခုနစ်ခုကိုသာ ဖော်ပြရမှာပဲ။ (မိတ်ဆက်ရုံလေးပေါ့)

၁။ To define the issue or problem carefully.
**ပြဿနာကို ဖော်ထုတ်ခြင်း**

၂။ To gather all the relevant data.
**အချက်အလက်စုဆောင်းခြင်း**

၃။ To analysis, organize and classify these data.
**အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း**

၄။ To formulate hypotheses.
**တွေးဆချက်များ တည်ဆောက်ခြင်း**

၅။ To see what deductions we can draw from these hypotheses.
**တွေးဆချက်များမှ ထုတ်ယူထားသည့် မှန်ကန်သော အခြေအနေများကို လက်ခံခြင်း၊ ငြင်းပယ်ခြင်းပြုလုပ်နိုင်ရန် စစ်ဆေးခြင်း**

၆။ To discover what the implications of our philosophizing.
**အသုံးပြုသော ဒဿနိကဗေဒနည်းနှင့် အကျုံးဝင်များ ဂယက်ရိုက်စေတ်မှုများကို ရှာဖွေခြင်း**

ဤအဆင့်ဆင့်သော စဉ်းစားဆက်စပ်တွေးခေါ်ဖော်ထုတ်ချက်နည်းနာသည် မိမိတို့ ငယ်စဉ်အခါ အလယ်တန်းကျောင်းသားဘဝမှာ သင်ယူခဲ့ရသော ဂျီဩမေထရီ သင်္ချာပုစ္ဆာစဉ်းစားပုံများနှင့် ဆင်တူသည်ဟု ဆိုနိုင်မည်ထင်ရဲ့။ ပေးထားချက်၊ မှန်းဆချက်၊ ပြုလုပ်ချက်နှင့် သက်သေပြချက်ဟူသော သီဝရီဖော်ထုတ်ပုံနည်းလမ်း အဆင့်လေးချက်။ သိတယ်နော်။

တပ်မတော်စစ်ကျောင်းကြီးများမှာ စစ်အင်္ဂါလေးရပ်သုံးသပ်ရာ၌ အခြေခံစစ်ရေးသုံးသပ်ပုံအဆင့်များနှင့်လည်း နီးစပ်ပေရဲ့-

| | | |
|---|---|---|
| ၁။ **ရည်ရွယ်ချက်။** | Objective | ဘာလုပ်မလဲ တိကျစွာ ဖော်ထုတ်(ချရေး၊ စစ်ဆေး၊ သေချာမှ အတည်ပြု) |
| ၂။ **အကျုံးဝင်သော အချက်များ။** | Factors | ဆက်စပ်ပတ်သက်သော လွှမ်းမိုးနိုင်သည့်ကိန်းများ |
| ၃။ **ဖော်ထုတ်ချက်။** | Deduction | ၎င်းတို့မှတစ်ဆင့် ပြည့်နှံသော လုပ်ဆောင်ရန်များ |
| ၄။ **နည်းလမ်းများ။** | Means | မိမိဘာလုပ်နိုင်သလဲ လုပ်ဆောင်နိုင်သောနည်းများ |
| ၅။ **စီစစ်ရွေးချယ် စီမံချက်ဆွဲ။** | Planing | အဖြစ်နိုင်ဆုံး၊ အသင့်တော်ဆုံးနည်းကိုရွေးပြီး အသေးစိတ်စီမံချက်ရေးဆွဲ |

ဘရိုင်ယန်ထရေစီ (Brian Tracy) အမည်ရှိ ထင်ရှားသော အောင်မြင်ရေး(တက်ကျမ်း)အကြောင်း စာအုပ်များရေးသားလေ့ရှိသူ၏ ပုဂ္ဂိုလ်ရေးအောင်မြင်မှုစာအုပ်မှာ ရေးထားတာကို ကောက်နုတ်ဖော်ပြလိုက်ပါရစေဦး-

**မဟာဗျူဟာကျကျ စီမံကိန်းချတဲ့လုပ်ငန်းစဉ်**

| | |
|---|---|
| ၁။ **ရှုမြင်ချက်။** | လာမည့်နှစ်တွေမှာ သင်လုပ်နိုင်၊ ဖြစ်နိုင်တာတွေမှာ ဘာကန့်သတ်ချက်မှမရှိဘူးလို့ မှန်းဆကြည့်လိုက်ပါ။ |
| ၂။ **သင့်ရဲ့တန်ဖိုးများ။** | အရေးပါမှုအစီအစဉ်ချရေးထား၊ စစ်မှန်တဲ့သင့်ရဲ့တန်ဖိုးများနဲ့ပတ်သက်လို့ ဘာရဖို့ ဘာပေးမလဲ၊ ရှင်းလင်းပီသစွာ ချရေးထားမှ ဆုံးဖြတ်ချက်တွေကို မှန်ကန်လွယ်ကူချနိုင်တယ်။ |
| ၃။ **သင့်ရဲ့လုပ်ငန်းအဖွဲ့။** | သင့်ရဲ့ရည်မှန်းချက်တာဝန်က ဘာလဲ။ သင့်အဖွဲ့ဝင်များအားလုံး ခံစားနားလည်ပါစေ။ သင်ဘာဖြစ်ချင်တာလဲ သဲသဲကွဲကွဲ သူတို့သိထားပါစေ။ |
| ၄။ **သင့်ရဲ့ရည်မှန်းချက်။** | လက်ရှိအလုပ်ကို လုပ်နေရတာ ဘာကြောင့်လဲ။ ဘဝထဲက ဘာအတွက်ကြောင့်ဆိုတဲ့ အကြောင်းတွေကဘာတွေလဲ။ |
| ၅။ **သင့်ရဲ့ပန်းတိုင်များ။** | သင့်ရဲ့တန်ဖိုး၊ ရှုမြင်ချက်လုပ်ငန်းအဖွဲ့နဲ့ ရည်စူးချက်တွေအပေါ် အခြေခံပြီး နောင်တစ်ချိန်ချိန်မှာ သင်ရယူချင်နေတဲ့ ပန်းတိုင်တွေရှိရာမှာ (အဲဒါတွေဟာ) သီးခြားကျတယ်၊ တိကျတယ်။ တိုင်းတာလို့ရတယ်၊ ရေးသားထားပြီးသားဖြစ်တယ်။ အချိန်အားဖြင့် ဘောင်ခတ်ထားတယ်။ |
| ၆။ **သင့်ရဲ့ဦးစားပေးချက်များ။** | ဒါတွေဟာ သင် နေ့စဉ်လုပ်ရမယ့် အရေးအကြီးဆုံးကိစ္စတွေပါပဲ။ သင့်အချိန်ကို အကျိုးရှိရှိ အသုံးချဖို့ရာ ဦးစားပေးအချက်တွေ ချမှတ်တာ မှန်ရမယ်။ ပန်းတိုင်များရယူရေး အထောက်အကူပေးတာတွေ ဖြစ်ရမယ်။ |
| ၇။ **သင့်ရဲ့လုပ်ရပ်များ။** | သင့်ရဲ့အမြင့်ဆုံး ဦးစားပေးချက်တွေ ရယူတဲ့လုပ်ရပ်တွေပဲဖြစ်တယ်။ ချက်ချင်းလုပ်ရန်လိုအပ်တဲ့ သီးခြားလုပ်ရပ်တွေ ရွေးချယ်ဆုံးဖြတ်တတ်ရပေမယ်။ (အရေးကြီးတာ အရင်လုပ်) |

**နိဂုံးချုပ် ချုပ်ကြပါစို့လေ။**

နိဂုံးအနေနဲ့ ဆွေးနွေးဖော်ပြလိုတာကတော့ ဘယ်လောက်တွေပြားတဲ့လုပ်စရာတွေများနေနေ၊ ဘယ်လိုပဲအချိန်နည်းပြီး လုပ်ရကိုင်ရ ကျပ်သပ်တာမျိုးတွေကိုကြုံတွေ့ရပါစေ၊ အောင်မြင်စွာ ဖြေရှင်းကျော်လွှားနိုင်ကြတဲ့ ပုဂ္ဂိုလ်များဟာ ရှင်းရှင်းလင်းလင်းတွေးတယ်။ (သေသေချာချာစဉ်းစားတယ်)၊ ရှင်းရှင်းလင်းလင်းရေးထားတယ်။ ရှင်းရှင်းလင်းလင်း၊ တိတိကျကျပြောတယ်။ ရှင်းရှင်းလင်းလင်းလုပ်ဆောင်တယ်။ ရှုပ်ရှုပ်ထွေးထွေးတွေ မလုပ်ဘူး။ သူ့လုပ်ငန်းစဉ်ထဲမှာ ကံရယ်၊ ဉာဏ်ရယ်၊ ဝီရိယရယ်၊ ယုံကြည်ချက်နဲ့ သတိရှိခြင်းရယ် ပါဝင်နေကြတယ်။ တန်ဖိုးရှိတဲ့ အထောက်အကူဖြစ်စေမှာပါ။ အောင်ပါစေ။

# ဗဟန်းမြို့နယ် KZL Art Studio & Gallery တွင် ပန်းချီဆရာ ၁၅ ဦး၏ ပန်းချီကားများ ပြသလျက်ရှိ



**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ KZL Art Studio & Gallery တွင် ပန်းချီဆရာ ၁၅ ဦး၏ ပန်းချီကားများကို ယနေ့မှစ၍ စုစည်းပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီ ခင်ဇော်လတ်က ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ လှဖုန်းအောင်၊ ပန်းချီ အောင်သွင်ဦး၊ ပန်းချီ ညီအောင်မော်၊ ပန်းချီ ကျော်စိုး၊ ပန်းချီ ခင်မောင်ဇော်၊ ပန်းချီ မိုးညို၊ ပန်းချီ ကျိုက်လတ်ဝင်းမောင်၊ ပန်းချီ စောကျော်ဇော်၊ ပန်းချီ ဇေယျာအေး၊ ပန်းချီ ဇော်ဇော်ကို၊ ပန်းချီ သန်းထိုက်၊ ပန်းချီ ပန်းကြည်၊ ပန်းချီ ကေကျော်၊ ပန်းချီ မင်းဇော်အောင်၊ ပန်းချီ မွန်သက်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၃၀ ခန့်ကို ယနေ့မှစ၍ ဇူလိုင် ၁၅ ရက်ထိ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စျေးကွက်မှာ နာမည်ရပြီးသားဖြစ်တဲ့ ပန်းချီဆရာတွေရဲ့ ပန်းချီကားတချို့ကို သင့်တင့်တဲ့စျေးနှုန်းနဲ့ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်။ အွန်လိုင်းကလဲ ဝယ်ယူနိုင်အောင် စီစဉ်ပေးထားပါတယ်"ဟု KZL Art Studio & Gallery ပန်းချီပြခန်းတာဝန်ခံ ပန်းချီ ခင်ဇော်လတ်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများပါဝင်ပြီး စျေးနှုန်းမှာ အနည်းဆုံး ငွေကျပ် သုံးသိန်းမှ အများဆုံး ငွေကျပ် ၂၇ သိန်းထိရှိကြောင်း သိရသည်။

ASH

# Ghostbusters: Afterlife-2 ဇာတ်ကားရုံတင်မည့်ရက် နောက်ဆုတ်

**နယူးယောက် ဇူလိုင် ၁**

Ghostbusters: Afterlife-2 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက နောက်ဆုတ်လိုက်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃၀ ရက်တွင် ရေးသားတင်ပြထားသည်။


ဇာတ်ညွှန်းရေးဆရာများနှင့် ရုပ်ရှင်သရုပ်ဆောင်များ၏သပိတ်ကြောင့် Ghostbusters: Afterlife-2 ဇာတ်ကားရုံတင်မည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီက အဆိုပါ ဇာတ်ကားကို ယခုနှစ် ခရစ္စမတ်ကာလတွင် ရုံတင်ရန်စီစဉ်ထားသည်။

သို့ရာတွင် လက်ရှိအခြေအနေအရ Ghostbusters: Afterlife-2 ဇာတ်ကားကို ၂၀၂၄ ခုနှစ် မတ် ၂၉ ရက်မှသာ ရုံတင်မည်ဖြစ်ကြောင်း ဆိုနီရုပ်ရှင်ကုမ္ပဏီက ဇူလိုင် ၂၉ ရက်တွင် ကြေညာထားသည်။

ဆိုနီရုပ်ရှင် ကုမ္ပဏီသည် Ghostbusters: Afterlife-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် မတ်လကပင် စတင်ခဲ့သည်။

တရားဝင်ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါ Ghostbusters-2 ဇာတ်ကားကို ဒါရိုက်တာ ဂျီးကီးနန်က ရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။ KKO




# ထိုင်းနိုင်ငံရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ခြင်္သေ့ရုပ်များ တင်ပို့မည်

**ရန်ကုန် ဇူလိုင် ၁**

ထိုင်းနိုင်ငံရှိ မယ်ဆိုင်နှင့် ချင်းစယ်မြို့တို့ရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ခြင်္သေ့ရုပ်များ တင်ပို့သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ထိုင်းနိုင်ငံရှိ မယ်ဆိုင်မြို့နှင့် ချင်းစယ်မြို့တို့တွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များရှိကြောင်း၊ အဆိုပါ အရောင်းဆိုင်များက မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို မှာယူလေ့ရှိပြီး ဩဂုတ်လအတွက် ခြင်္သေ့ရုပ်များကို မှာယူလျက်ရှိသည့်အတွက် ရှမ်းပြည်နယ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



"ဩဂုတ်လအတွင်းမှာ အမြင့် ၁၃ လက်မ၊ အလျား ၁၁ လက်မ အရွယ်အစားရှိတဲ့ ခြင်္သေ့ရုပ်တွေကို ဝယ်ယူလိုတဲ့အမှာစာရထားပါတယ်။ အသားကတော့ ကျွန်းအနှစ်သားနဲ့ ထုလုပ်ပေးရမှာဖြစ်ပါတယ်။ ခြင်္သေ့ရုပ် ၂၀ တင်ပို့ရမှာဖြစ်ပါတယ်"ဟု သင်္ဃန်းကျွန်းမြို့နယ် မြန်မာမဏ္ဍိုင်အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြသည်။

မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသာမက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ASH

# ဖော်မြူလာဝမ်းပြိုင်ကားလောကနောက်ခံ ဇာတ်ကားရိုက်ကူးမှု ယာယီရပ်ဆိုင်း

**နယူးယောက် ဇူလိုင် ၁**

ဖော်မြူလာဝမ်းပြိုင်ကားလောကနောက်ခံဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ကမ္ဘာကျော်မင်းသား ဘရက်ပစ်က ယာယီရပ်ဆိုင်းထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇူလိုင် ၃၁ ရက်တွင် ရေးသားတင်ပြထားသည်။

ဇာတ်ညွှန်းရေးဆရာများနှင့် ရုပ်ရှင်သရုပ်ဆောင်များ၏သပိတ်ကို ထောက်ခံသည့်အနေဖြင့် ဖော်မြူလာဝမ်းဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို မင်းသား ဘရက်ပစ်က ရပ်ဆိုင်းထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ဇာတ်ဝင်ခန်းများကို ဥရောပတစ်လွှား ရိုက်ကူးဆဲဖြစ်သော်လည်း ဘရက်ပစ်ပါဝင်ခြင်းမရှိဘဲ သရုပ်ဆောင်များသပိတ်၌ ပါဝင်မှုမရှိသည့်သရုပ်ဆောင်များနှင့် ရိုက်ကူးနေရခြင်းဖြစ်သည်။

လက်ရှိတွင် မင်းသား ဘရက်ပစ်၏ ဆုံးဖြတ်ချက်အရ Apex ဟု၍ အမည်ပေးထားသည့် အဆိုပါဇာတ်ကား၏ ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများကို နှစ်လကြာထိ ရပ်ဆိုင်းထားရမည်ဖြစ်သည်။

Apex ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးနေခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးကြေးများ ထုတ်ပေး

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ ကို ဇူလိုင် ၃၁ ရက်က လစဉ်ပံ့ပိုးကြေးများ ထုတ်ပေးခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးအနုပညာရှင်များကို လစဉ်ပံ့ပိုးကြေးအဖြစ် သက်ကြီးအနုပညာရှင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလှူ့ရှင်အသီးသီးမှ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးကြေးများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ် ပံ့ပိုးပေးလျက်ရှိပါတယ်။ ဇူလိုင် ၃၁ ရက်မှာ ဇူလိုင်လအတွက် ပံ့ပိုးကြေးတွေကို ထုတ်ပေးနေတာဖြစ်ပါတယ်။ ဒါ့ပြင် ရုပ်ရှင်အစည်းအရုံးအလှူ့ရှင်အသီးသီးက အနုပညာရှင် အတတ်ပညာရှင်တွေကိုလဲ အလှူရှင်တွေနဲ့ အစည်းအရုံးရဲ့ ရန်ပုံငွေတွေနဲ့ ပေါင်းစပ်ပြီးတော့ အခါအားလျော်စွာ ပံ့ပိုးမှုတွေ ပြုလုပ်ခဲ့တာ နဝမအကြိမ်ထိရှိခဲ့ပါပြီ"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆားငါးသေတ္တာ စသည့်စားသောက်ကုန်များ ပံ့ပိုးကူညီခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ASH

# Ceremony to consecrate Maravijaya Buddha Image, hoist sacred umbrellas atop stone tablet pagodas and share merits held



Senior General Min Aung Hlaing and Daw Kyu Kyu Hla pay homage to the Maravijaya Buddha Image.

**Nay Pyi Taw August 1**

Ceremony to consecrate the Maravijaya Buddha Image, successfully erected in Buddha Park in Dekkhinathiri Township, Nay Pyi Taw, Union Territory, hoist sacred umbrellas atop stone tablet pagodas and share the merits was held in three parts at the designated places in the park this morning attended by the main donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

Present were 900 Buddhist monks from Myanmar and abroad led by Secretary of State Sangha Maha Nayaka Committee Patron of Minkyaung Pathamapyan religious school in Thanlyin, Yangon Region Sayadaw Agga Maha Pandita Agga Maha Saddhammajotikadhaja Dr Bhaddanta Candimabhivamsa, State Ovadacariya Sayadaw Chancellor of Sitagu International Buddhist Academies Abhidhaja Maha Rattha Guru Abhidjaja Agga Maha Saddhammajotika Vice Chairman of Shwekyin Nikaya Sitagu Sayadaw Dr Bhaddanta Nyanissara and Patron of Mingala Zeyon Monastery, Pali University, Pyinmana Sayadaw Agga Maha Pandita Agga Maha Saddhammajotikadhaja Bhaddanta Vimalabuddhi, who are Maravijaya Buddha Image Construction Ovadacariya Sayadaws, and 20 nuns. The Senior General and wife and family were accompanied by SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers and wives, the Nay Pyi Taw Council chair, the Chief of General Staff (Army, Navy and Air) and wife, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, local and foreign donors, friends of Dhamma, religious associations, honoured guests and officials.

First, the main donor Senior General Min Aung Hlaing and wife Daw Kyu Kyu Hla paid homage to Maravijaya Buddha Image and offered meal in the Emerald Bowl, Shwekya Robes, fruits, flowers, water and lights.

**Consecration of the Image and pouring of holy water**

Devotees ushered 855 monks to the four Sangha pavilions on the platform, 12 monks led by the Pali Sayadaw to Mucalinda and Sasana Beikmandaw to consecrate the Image, five resident monks of Maravijaya Monastery to the monastery and nine Mahathe monks to the Therasana and offered flowers, banners and kokkar sticks to them.

The ceremony was opened by reciting namotassa three times, followed by a song praising the Maravijaya Buddha Image and blowing of conch shell and beating of the gong three times.

The task of making arrangements for the monks from abroad to consecrate the Image was transferred to Sitagu Sayadaw.

Six monks from Cambodia, 11 from Thailand, 10 from Nepal, 11 from Vietnam, 10 from Bangladesh, six from Laos, 11 from Sri Lanka, five from India consecrated the Image and poured holy water.

Myanmar monks then consecrated the Image in accord with the religious treatises and poured holy water.

Sitagu Sayadaw recited the gatha marking the success of the consecration ceremony. The first part of the ceremony came to an end by offering multi-colour lights to the Image.

**Sacred umbrellas hoisted atop stone tablet pagodas**

At the second part of the ceremony, devotees bearing silver bowls with ornamental flowers, religious flags, umbrellas and ceremonial palanquin, celestial and royal processions, flower throwing teams, and religious associations took their positions at the entrance of the stone tablet pagoda area and officials ushered 11 Mahathe monks to the respective pavilion.

Devotees went round Mingalamawgun stone tablet pagoda clockwise in conveying diamond orb and vane to the place of worship and took positions in the Kuthodaw pavilion.

Sayadaws recited three religious verses and devotees recited religious poems in chorus to dispense metta.

After three Sayadaws, the leading donor and

*See Page 13*




Senior General Min Aung Hlaing and Daw Kyu Kyu Hla participate in conveying the golden umbrellas.



Senior General Min Aung Hlaing fixes part of the golden umbrella.



Vice-Senior General Soe Win sprinkles scented water on the golden umbrella.

Senior General Min Aung Hlaing and the congregation hear a sermon delivered by the Sayadaws and members of the Sangha.

*From Page 12*

disciples have taken positions on the scaffolding atop the pagoda, well-wishers took positions on the scaffolding of four encircled pagodas and 720 small pagodas on the stone plaque chambers.

At a time when the master of ceremonies chanted the time of auspiciousness, the leading donor fixed tiers of the golden umbrella, the pennant-shaped vane and the Yadana diamond orb atop the pagoda.

Disciples and well-wishers also hoisted umbrellas atop four encircled pagodas and small pagodas on the stone plaque chambers and sprayed the Paritta water and clean water on the umbrella.

The congregation led by the Senior General chanted "victory" Three times for successful completion of the auspicious ceremonies in choral. The master of ceremonies read the paper on sharing merits gained for the victorious ceremonies. Disciple ushered venerable Sayadaws into the recreation hall of Aggadipati Sasana Beikman.

**Exercising donation, Sabbath, meditation**

In the third session of the ceremony, the exercising donation, Sabbath and meditation took place in Aggadipati Sasana Beikman. The congregation opened the ceremony with three-time recitation of Namo Tassa. Secretary of the State Sangha Maha Nayaka Committee Thanlyin Minkyaung Monastery Sayadaw administered the Nine Precepts, and the congregation listened to Metta Sutta, attributes of three gems Pubbannha Sutta recited by members of the Sangha.

In his supplication, the Senior General expressed his delightedness for having a chance to pay homage to healthy and happy venerable Sayadaws at home and abroad who attended the ceremonies with loving-kindness without considering the tiredness and exhaustion on their trips and one more chance to supplicate the process of building Maravijaya Buddha Image.

Building the Buddha image set four aims to show flourishing Theravada Buddhism in Myanmar to the world, continue propagation of the Sasana in Myanmar as a focal point of the Theravada Buddhism, ensure peace and stability of the people and to shape the prosperous country for the people in unison with safe and sound under the Metta of the Lord Buddha. Moreover, as the Buddhism emphasizes peace and Metta, one more aim was set to be a peaceful and stable world based on the Buddhism.

With regard to building the Buddha image, the Senior General recounted that the marble rock donated by a well-wisher to the then Head of State Senior General Than Shwe was handed to the Tatmadaw led by the present Senior General to build a Buddha image. Experts checked the rock in detail and excavated the 65 feet high marble rock with A level quality from October 2018 to March 2019.

Advice was sought from Bhamo Sayadaw, Sitagu Sayadaw, Shwethuwun Sayadaw and the rector Sayadaw for building the Buddha image, and preparations were made to carve the image in Bhumi Phassa Mudra. As Myanmar lost the chain of culture during the colonial era due to loss of independence in 1885, a decision was made to carve the image in the style of Yadanabon era so as to preserve the last cultural properties.

In arranging conveyance of the marble rocks, the rocks were cut into pieces to be conveyed from Sagyin Hill to Ayeyawady River and then to Sameikkhon Port due to difficulties in the land route and then to Nay Pyi Taw along the land route in line with the advice of the Ovadacariya Sayadaws. A canal was dredged from Sagyin Hill to Myaung River leading to Ayeyawady River.

At a time when the Ayeyawady River was at the high level of water on 3 July 2020, conveyance of the marble rocks started. The rocks weighing 8,158 tons were conveyed nine times. On 18 September, all rocks arrived at Sameikkhon Port and then it continued conveyance along the waterway set a world record of conveying marble rock. A 22 miles and five furlongs long road was constructed to convey rocks between Sameikkhon Port and Sakar-in roundabout in a smooth process. Moreover, 82 detours and more than 30 miles long sessions on Yangon-Mandalay expressway between Sakar-in roundabout and Buddha Park and the conveyance to Nay Pyi Taw started on 25 January 2021.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer alms to a Sayadaw.



The ceremony in progress.

Those giant stones weighing 7,632 tons had to be transported seven times by land. A certificate of honour was presented to Goldofer Company from Germany for its capability to move the things with the heaviest weights in the world in the furthest distance with the use of modular trailers. We were able to move the biggest marble stones in the furthest distance in the world by both water and land.

A location for the Buddha Image was systematically chosen, *See Page 14*



The ceremony in progress.



The spectacular view of the ceremony in progress.

*From Page 13*

and considerate efforts were made to complete the project with pagodas, monasteries, lakes, ordination halls, rest houses, bridges and gardens after seeking advice from the Sayadaws of the State Sangha Maha Nayaka Committee. Measures were taken to install stone tables inscribed with the Tri Pitakat in Pali and the Romanized language. The Buddha Image was titled Maravijaya.

In carving the image, arrangements were made to include the 32 major characteristics and 80 minor characteristics of a Buddha. The facial expression was created with a little smile while the face was curved with a 7.5-degree slope to the front. The image was curved in parts with the use of CNC machines. In combining the parts of marble, Myanmar Engineering Council and military engineers worked together to make it firm and durable and carried out an erecting process with the use of modern technology without any help from foreign technicians. Conveyance and erecting processes were carried out with care amid difficulties. On 26 January this year, a ceremony to convey parts 1, 2 and 3 of the image to the throne took place. The first ceremony to enshrine relics was held on 27 January, and the second on 10 February. Gems and jewels donated by well-wishers from across the country were also enshrined. For its long-term durability, systematic engineering arrangements were made for the Buddha Image to have a foundation of 20,000 tons and to make it resistant to a wind speed of 120 miles per hour, a maximum of 8.9 magnitude earthquake and lightning. Combining works were also carried out with both conventional and modern techniques. As a result, the world's biggest Yadanabon Period-style Buddha Image with 63 feet in height and the throne with 18 feet in height totalling 81 feet has successfully emerged. There were no major injuries during the period from the start of marble mining to the completion of the Buddha Image construction.

The platform of the pagoda is also made of marble. Moreover, 24 chambers in different styles were built as a token of respecting the 24 Patthana Pali chants delivered by Lord Buddha like Atumashi Monastery in Mandalay. Those chambers are also meant for pilgrims to pay their homage to the Buddha Image from inside when the temperature is high outside. A flagstaff and Saddha Dipati Bell were installed on the pagoda platform. An elevator has been installed for elderly pilgrims and disabled pilgrims. A Bodhi tree donated by India was planted in the pagoda precinct. On the left and right sides of the Buddha Image lie Lombani Ingyin forests, Linlon trees and Lombani Ingyin trees have been planted to the west of the image.

Respectfully listening to the teaching saying "the Tripitaka Treatises is the teacher of all like the Lord Buddha" from the Sayadaws, arrangements have been made to inscribe the teachings of the Lord Buddha on stones. In doing so, it was planned to place the stone inscription stupas right in front of the Buddha Image. The inscriptions were carved on alabaster slabs in Pali and Romanized languages with the use of modern equipment. Stone inscription stupas were built in the design of stone inscription stupas at Maha Kuthodaw Pagoda in Mandalay. A total of 720 stone inscription stupas and a stone inscription stupa for records were built. There are 1,440 stone inscription slabs as the inscriptions were carved in two languages. To avoid errors in carving the inscriptions, the inscriptions were edited by the Sayadaws led by Rector Sayadaws of International Theravada Buddhist Missionary University, Pariyatti Sasana University (Yangon and Mandalay) and Sitagu Buddhist Academy on a daily basis and systematically recorded. Systematic measurements were made for strong soil in building the stone inscription stupas. For timely completion of carving the inscriptions, CNC machines were used and the inscriptions were checked time and again to avoid errors. Scriptures of the Tripitaka Treatises will be located in the direction of the face of the Buddha Image. The Tripitaka Treatises are not only inscribed on stones but will be printed too to be donated and distributed to the Buddhism departments around the world.

As Ovadacariya Sayadaws are needed to take care of the Buddha Image, Maravijaya Monastery was built. Following the counsel of the Ovadacariya Sayadaw, Mucalinda Lake and Nagayon Pagoda were built under the various religious treatises.



A Sayadaw offers meal to the Buddha image.

I would like to further present that the Sasana Beikman was built with the donations of the people across the country. Taking a sample of the Maha Pasana Cave donated and built by the people led by the former prime minister U Nu when holding the Sixth Buddhist Synod, the Sanana Beikman was built in a modern design. The Sasana Beikman Aggadhipati is 296 feet in length, 213 feet in width and 94 feet in height and is also the Visongama Ordination Hall. With the capacity of accommodating 900 Sanghas and 1,200 laypersons, the Sasana Beikman was built with the aim of holding the state level Sasana-related ceremonies. Moreover, various religious buildings such as water fountain platform, six Yadanabon-era Suhddhama rest-houses, Records Museum, Office of the Board of Trustees, Bo Tree and Gyopyay Nanpyay pagodas, a replica of the Mingalar Bridge of Mandalay Yadanabon Palace, two gateways, the wall of Buddha Park, four decorated archways to the Buddha Image, one escalator, a car park and two 42-metre lightning conductors were collectively built by the people under my leadership with the aim of ensuring the Buddhism shines and exists as long as the world exists.

I am concluding my presentation wishing all the Sayadaws at home and abroad attending this ceremony healthiness, peacefulness and longevity to continue to serve the Sasana, the Maravijaya Buddha Image existing as long as the world exists, all the citizens enjoy perpetual peace of mind and the Republic of the Union of Myanmar safe, developed, peaceful and prosperous.

Then, the Senior General and wife presented the nine-inch-high replica of the Buddha Image and the religious building of the Buddha Image to the Thanlyin Minkyaung Sayadaw and offered alms to the Sanghas.

Afterwards, the Vice-Senior General and wife offered alms to the Sitagu Sayadaw and the attendees alms to the Sanghas.

Next, the Senior General presented gifts of honour to the architecture engineers through an official.

Afterwards, on behalf of the architecture engineers, an official transferred the Buddha Image back to the donors.

Then, the Senior General and wife and attendees heard the Ovadacahta delivered by the Sitagu Sayadaw and a sermon by Sayadaw Agga Maha Pandita Dr Bhaddanta Candana Sara and shared merits gained.

Next, on behalf of the donors, the master of ceremonies read a letter of apology to forgive if there are mistakes and incompleteness in building the Buddha Image. The ceremony came to a close after the three-time recitation of Buddha Sasanam Ciram Tittatu.

Then, the Senior General and wife marked the successful completion of the ceremony with a religious performance.

**Offering day meals**

After the ceremony, the Senior General and wife and the guests offered day meals to the 900 Sayadaws and Sanghas at home and abroad and served the donors and guests with lunch.

In the evening, the Maravijaya Buddha Image was offered a variety of colourful lights and fireworks. The Buddha Image and the religious buildings in the compound of the Buddha Park were seen lit with colourful lights. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Magura V5 USV မောင်းသူမဲ့ရေယာဉ်ကို ယူကရိန်းနိုင်ငံ STE ကုမ္ပဏီက ထုတ်ဖော်ပြသ



တူရကီ စစ်ဘက်ဖောင်ဒေးရှင်းက ပြုလုပ်ကျင်းပလျက်ရှိသော IDEF 2023 ကာကွယ်ရေးကုန်စည်ပြပွဲတွင် Magura V5 USV မောင်းသူမဲ့ရေယာဉ်ကို ယူကရိန်းနိုင်ငံ STE ကုမ္ပဏီက ထုတ်ဖော်ပြသခဲ့ကြောင်း ဇူလိုင် ၂၈ ရက်က https://navyrecognition.com သတင်းဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။

၁၉၉၃ ခုနှစ်က စတင်ခဲ့သော IDEF ကာကွယ်ရေးကုန်စည်ပြပွဲသည် ကာကွယ်ရေးနယ်ပယ်မှ အရေးကြီးသော ဆုံဖြတ်ချက် ချမှတ်သူများ၊ စစ်ဘက်ထိပ်တန်း အရာရှိများ၊ စက်မှုလုပ်ငန်းဆိုင်ရာ သက်ဆိုင်သူများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးနည်းပညာများတွင် ပါဝင်ပတ်သက်သူများနှင့် စစ်ဘက်ဝါသနာရှင် လူပုဂ္ဂိုလ်များ တစ်စုတစ်စည်းတည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပြပွဲ၏ အဓိကရည်ရွယ်ချက်မှာ ထုတ်လုပ်သူနှင့် ရောင်းချသူများအတွက် ၎င်းတို့၏ ကမ်းလှမ်းမှုများကိုပြသရန်၊ တက်ရောက်လေ့လာကြသူများ အပြန်အလှန်အကျိုးပြုရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်ရန်အတွက် တစ်နေရာတည်းတွင် လုပ်ဆောင်နိုင်စေရန်ဖြစ်ကြောင်း သိရသည်။

IDEF ကာကွယ်ရေးကုန်စည်ပြပွဲသည် ကြည်း၊ လေ၊ ရေသုံး ယာဉ်မျိုးစုံ၊ အဆင့်မြင့် အီလက်ထရွန်နစ်စနစ်များ၊ စစ်လက်နက်များနှင့် လုံခြုံရေးစနစ်များထိ ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးစက်မှုလုပ်ငန်း၏ ကျယ်ပြန့်သော လက်လှမ်းမီမှုကို ကိုယ်စားပြုသည်။

ဒရုန်းနည်းပညာ၊ သံချပ်ကာယာဉ်များနှင့် ရေတပ်စနစ်များအပါအဝင် ကဏ္ဍများစွာတွင် သိသာထင်ရှားသောတိုးတက်ဖွံ့ဖြိုးမှုများကိုပြသသည့် ပြပွဲလည်းဖြစ်ပြီး တူရကီနိုင်ငံရှိ ကာကွယ်ရေး-စက်မှုလုပ်ငန်းသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရနိုင်မည်ဖြစ်သည်။

IDEF 2023 ကာကွယ်ရေးကုန်စည်ပြပွဲတွင် တူရကီနိုင်ငံ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရတို့သည် ၎င်းတို့၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပြည်တွင်းနှင့် နိုင်ငံတကာ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စစ်ဘက်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများကိုပြသရန် အခွင့်အလမ်းရရှိနိုင်မည် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်လည်းဖြစ်သည်။

အဆိုပါ ကာကွယ်ရေးကုန်စည်ပြပွဲမျိုးသည် တူရကီနိုင်ငံကာကွယ်ရေး-စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ပြီး ချိတ်ဆက်မှုများထူထောင်ရန်၊ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန်၊ နိုင်ငံတကာမှ ဖောက်သည်များနှင့်ကာကွယ်ရေးဆိုင်ရာ အကျိုးတူ သဘောတူညီမှုစာချုပ်များ ချုပ်ဆိုဖော်ဆောင်နိုင်ရေးတို့တွင် များစွာအထောက်အကူဖြစ်စေသည်။

နိုင်ငံတကာမှ ဖောက်သည်များအနေဖြင့် ထိုးထွင်းသိမြင်နိုင်စွမ်းသည့် တူရကီနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်း၏ တိုးတက်မှုနှင့် ကြီးမားလာမှုအပေါ် ဆက်လက် တွန်းအားပေးနေသည့်အချက်လည်းဖြစ်သည်။

ကာကွယ်ရေးကုန်စည်ပြပွဲကို လေးရက်ကြာ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီးနောက် အစ္စတန်ဘူလ်မြို့သည် နိုင်ငံတကာ ကာကွယ်ရေးနည်းပညာ တိုးတက်ဖွံ့ဖြိုးမှုများ ဆက်လက်တိုးချဲ့လုပ်ဆောင်ခြင်းဖြင့် ကာကွယ်ရေး စက်မှုလုပ်ငန်း ဆန်းသစ်တီထွင်မှုအတွက် အချက်အချာကျသောမြို့အဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။

IDEF 2023 ကာကွယ်ရေးကုန်စည်ပြပွဲ၏ကျန်ရှိသောရက်များတွင် ပိုမိုစိတ်လှုပ်ရှားဖွယ်ကောင်းသော ထုတ်ဖော်ပြသနိုင်မှု အခွင့်အလမ်းများနှင့်အတူ ၎င်းတို့၏ ဂုဏ်သတင်းကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် သိသာထင်ရှားသော ကာကွယ်ရေးစက်မှုလုပ်ငန်းပြပွဲများထဲမှ တစ်ခုအဖြစ် ပိုမိုအားဖြည့်ပေးလိမ့်မည်ဖြစ်သည်။

**STE from Ukraine unveils its Magura V5 USV in Türkiye ကို ဘာသာပြန်ဆိုထားပါသည်။**

## မြို့တော်မော်စကို၏ စီးပွားရေးအချက်အချာနေရာကို ယူကရိန်းတို့ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့

ရုရှားနိုင်ငံ မြို့တော်မော်စကိုမြို့၏ စီးပွားရေးအချက်အချာနေရာကို ယူကရိန်းတို့ ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ကြောင်း မြို့တော်ဝန် Sergey Sobyaninက ဇူလိုင် ၃၀ ရက်အစောပိုင်းတွင် ပြောကြားခဲ့သည်။

"မော်စကိုမြို့တော်ရုံးခန်း တာဝါတိုင်နှစ်ခုရဲ့ မျက်နှာစာတွေဟာ အနည်းငယ်ပျက်စီးခဲ့ပါတယ်။ အသေအပျောက်နဲ့ ထိခိုက်ဒဏ်ရာရတာမရှိပါဘူး"ဟု Sobyanin က ၎င်း၏ Telegram ချန်နယ်တွင် ရေးသားခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန (MOD) က စီးနင်းမှုတွင် စုစုပေါင်းဒရုန်းသုံးစင်း ပါဝင်ခဲ့ကြောင်း နောက်ပိုင်းတွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

MOD ၏ အဆိုအရ မော်စကိုမြို့ အပြင်ဘက်၌ ဒရုန်းတစ်စင်းပျံသန်းမှု အလယ်လောက်တွင် ပျက်စီးခဲ့ပြီး အခြားနှစ်စင်းကို လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ပစ်ချနိုင်ခဲ့ကာ မော်စကိုမြို့ရှိ လူနေထိုင်ရာမဟုတ်သောအဆောက်အအုံ ပိုင်နက်တွင် ပျက်ကျခဲ့ကြောင်း သိရသည်။

အထပ်မြင့် အဆောက်အအုံ သုံးလုံးပါဝင်သည့် IQ Quarter အဆောက်အအုံ၏ ပဉ္စမထပ်နှင့် ဆဋ္ဌမထပ်ကြားတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း TASS သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ကျယ်လောင်သော ပေါက်ကွဲသံကို ဒေသခံများက ကြားခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

IQ Quarter တွင် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနများအပါအဝင် ဝန်ကြီးဌာနခုနစ်ခုနှင့် အစိုးရအေဂျင်စီများ၏ရုံးများ ပါရှိသည်။

ရုံးခန်းများနှင့် ဈေးဆိုင်များပါရှိသော OKO II အဆောက်အအုံတွင် ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပထမထပ်နှင့် စတုတ္ထထပ်ကြားတွင် ပြတင်းပေါက်များ ကွဲအက်သွားကြောင်း TASS သတင်းဌာနကို အရေးပေါ်ဝန်ဆောင်မှုများက ပြောကြားခဲ့သည်။

လုံခြုံရေးအစောင့်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ပျက်စီးသွားသည့် အဆောက်အအုံများမှ မြို့သူမြို့သားများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မော်စကိုမြို့၏ အခြားအဆောက်အအုံများမှလူများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးမှုများ လုပ်ဆောင်လျက်ရှိသည်။ Telegram တွင် တင်ထားသော အတည်မပြုနိုင်သော ဗီဒီယိုဖိုင်တွင် ဒရုန်းများဖြင့် တိုက်ခိုက်ခံရသည့် အခိုက်အတန့်ကိုပြသထားသည်။ အချင်းဖြစ်ပွားရာနေရာ၌ ကယ်ဆယ်ရေးလုပ်ငန်းများကို ရဲနှင့်မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရသည်။

မော်စကိုမြို့ အနောက်တောင်ဘက်ရှိ Vnukovo လေဆိပ်သို့ အသွားအပြန်လေယာဉ်ခရီးစဉ်အားလုံးကို ခေတ္တဆိုင်းငံ့ထားသည်။ မော်စကို၏ အခြားအဓိကလေဆိပ်နှစ်ခုဖြစ်သည့် Domodedovo နှင့် Sheremetyevo တို့သည် ပုံမှန်အတိုင်း ဆက်လက်လည်ပတ်နေသည်။



Moscow International Business Center ဟုခေါ်သော အဆိုပါခရိုင်တွင် တန်ဖိုးကြီးတိုက်ခန်းများနှင့် ရုံးခန်းများပါရှိသော မိုးမျှော်တိုက်များဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့အနက် ဥရောပ၏ ဒုတိယနှင့် တတိယအမြင့်ဆုံး အဆောက်အအုံများ အသီးသီးပါဝင်သည့် ဖက်ဒရေးရှင်းနှင့် OKO အဆောက်အအုံများ ပါဝင်သည်။

ယူကရိန်းသည် မကြာသေးမီ ရက်သတ္တပတ်များအတွင်း ရုရှားမြို့တော်ကို ဒရုန်းဖြင့် တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လာခဲ့သည်။ ဒရုန်းများအားလုံးကိုဖျက်ဆီးခြင်း သို့မဟုတ် အသက်မဲ့စေခြင်းတို့ဖြင့် ဟန့်တား၊ ရပ်တန့်စေခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ထားပြီးလည်းဖြစ်သည်။ ရုရှားနိုင်ငံက ထိုသို့ အရပ်ဘက် ပစ်မှတ်များအပေါ် တိုက်ခိုက်မှုကို အကြမ်းဖက်ဝါဒအဖြစ် ရှုမြင်ပြီး အပြင်းအထန် ရှုတ်ချပြောဆိုခဲ့သည်။

**Ukrainian drones attack Moscow's financial district – mayorကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

**စာမျက်နှာ ၁၈ မှအဆက်**

သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားရာတွင် ယနေ့ကျင်းပသည့် မဟာမင်္ဂလာအခမ်းအနားများသို့ ခရီးလမ်းပင်ပန်းမှု စသည်ကိုဥပေက္ခာပြုလျက် မေတ္တာတရားရှေ့ထားကာ ကြွရောက်ချီးမြှင့်တော်မူကြပါသော ပြည်တွင်း၊ပြည်ပမှ ဆရာတော်ကြီးများကို ကျန်းမာရွှင်လန်းစွာဖြင့် စုံစုံညီညီဖူးမြော်ခွင့်ရရှိပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားခွင့်ရရှိသည့်အတွက် ပီတိသောမနဿ ကုသိုလ်စိတ်များ တိုးပွားဖြစ်ပေါ်ရပါသည်ကို ဦးစွာလျှောက်ထားအပ်ပါကြောင်း။





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ရွှေကြာသင်္ကန်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မူလအရင်းဖြစ်သည့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဗိသုကာအင်ဂျင်နီယာများကိုယ်စား တာဝန်ရှိသူတစ်ဦးက ပြန်လည်အပ်နှံစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိသုကာအင်ဂျင်နီယာများအတွက် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားရာတွင် ရည်ရွယ်ချက်လေးရပ်ထားရှိခဲ့ပြီး နိုင်ငံတော်တွင် ထေရဝါဒဗုဒ္ဓဘာသာခိုင်မာစွာ ထွန်းလင်းတောက်ပနေမှုကို ကမ္ဘာကိုပြသနိုင်ရန်၊ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်အဖြစ် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန်တို့အပြင် ပြည်သူပြည်သားအားလုံး အေးအေးချမ်းချမ်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်ပြီး ပျော်ပျော်ရွှင်ရွှင်ပညာသင်ကြားနိုင်စေရန် ဗုဒ္ဓမြတ်စွာ၏အေးမြသည့်မေတ္တာရိပ်အောက်၌ အားလုံးလုံခြုံအေးချမ်းစွာဖြင့် သာယာပျော်ရွှင်စွာ နေထိုင်နိုင်ရန်အတွက် နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်လည်းရည်ရွယ်ပါကြောင်း၊ ထို့ပြင် မိမိတို့ဗုဒ္ဓဘာသာသည် ငြိမ်းချမ်းမှုနှင့် မေတ္တာတရားကို အလေးထားသည်နှင့်အညီ ဗုဒ္ဓဘာသာကိုအခြေခံပြီး ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန်လည်း ရည်ရွယ်တည်ထားခဲ့ခြင်းဖြစ်ပါကြောင်း။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်ပတ်သက်ပြီး ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံကို အလှူရှင်တစ်ဦးက လှူဒါန်းခဲ့သည့် စကျင်ကျောက်တုံးတော်ကြီးကို မိမိဦးဆောင်သည့် တပ်မတော်က ဗုဒ္ဓရုပ်ပွားတော်တည်ထားနိုင်ရန် လွှဲအပ်ပေးခဲ့ပါကြောင်း၊ အဆိုပါကျောက်တုံးတော်ကြီးကို ကျွမ်းကျင်ပညာရှင်များနှင့် အသေးစိတ်စစ်ဆေးတွက်ချက်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်တူးဖော်ခဲ့ရာတွင် ၂၀၁၉ ခုနှစ် မတ်လ၌ အမြင့် ၆၅ ပေရှိ အရည်အသွေး A အဆင့်ရှိသော ကျောက်တုံးတော်ကြီးကိုဖော်ထုတ်ရရှိခဲ့ပါကြောင်း။

ဆင်းတုတော်ကြီး တည်ထားကိုးကွယ်ရန်အတွက် ကျေးဇူးရှင် ဇန်းမော်ဆရာတော်ကြီး၊ သီတဂူဆရာတော်၊ ရွှေသုဝဏ်ဆရာတော်၊ ပါမောက္ခချုပ်ဆရာတော် စသည့်ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခဲ့ပြီး ဘူမိဖဿပုံစံတည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီဖြစ်ခဲ့သည့်ကာလအတွင်း ယဉ်ကျေးမှုအဆက်ပြတ်သွားခဲ့ခြင်းကြောင့် နောက်ဆုံးကျန်ရှိခဲ့သည့် ယဉ်ကျေးမှုကိုရယူရန် ရတနာပုံခေတ်ဟန်နှင့်သာ ထုဆစ်ရန်ဆုံးဖြတ်ခဲ့ပါကြောင်း။

ကျောက်တုံးတော်ကြီးများကို သယ်ယူရေးစီစဉ်ဆောင်ရွက်ခဲ့ရာတွင် ကုန်းလမ်းကသယ်ယူရန် အခက်အခဲများရှိသည့်အတွက် စကျင်တောင်မှ ဧရာဝတီမြစ်၊ ၎င်းမှဆီမီးခုံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် ကုန်းလမ်းမှ နေပြည်တော်သို့ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒနှင့်အညီ ကျောက်တုံးတော်ကြီးများကိုပိုင်းဖြတ်သယ်ယူပင့်ဆောင်ခြင်းများ ခက်ခက်ခဲခဲဆောင်ရွက်ခဲ့ရပါကြောင်း၊ စကျင်တောင်မှ သယ်ဆောင်နိုင်ရန်အတွက် ဧရာဝတီမြစ်ထဲဝင်ရောက်မည့်မြောင်းမြစ်အထိ တူးမြောင်းဖောက်လုပ်သယ်ဆောင်ခဲ့ပါကြောင်း။

ကျောက်တုံးတော်များကို ဧရာဝတီမြစ်ရေပြည့်သည့်အချိန် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃ ရက်တွင် စတင်ပင့်ခဲ့ပါကြောင်း၊ စုစုပေါင်းအနေဖြင့် ကိုးကြိမ်ပင့်ဆောင်ခဲ့ရကာ တန်ချိန်အားဖြင့် ၈၁၅၈ တန် သယ်ဆောင်ခဲ့ရာ စက်တင်ဘာ ၁၈ ရက်တွင် ကျောက်တုံးတော်ကြီးများအားလုံး ဆီမီးခုံဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး ရေလမ်းခရီးနှင့် စကျင်ကျောက်တုံးတော်ကြီးကို သယ်ဆောင်ခြင်းသည် ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ဆီမီးခုံဆိပ်ကမ်းမှ စကားအင်းအဝိုင်းအကြား ကျောက်တုံးတော်ကြီးများ ချောမွေ့စွာသယ်ယူပင့်ဆောင်နိုင်ရန် ၂၂ မိုင် ၅ ဖာလုံ အရှည်လမ်းကို အသစ်ဖောက်လုပ်ရုံသာမက ရန်ကုန်-မန္တလေးအမြန်လမ်း စကားအင်းအဝိုင်းမှ ဗုဒ္ဓဥယျာဉ်တော်အကြား လမ်းလွှဲ ၈၂ နေရာ၊ အရှည်မိုင် ၃၀ ကျော်ကိုပြင်ဆင်ဆောင်ရွက်ပြီးနောက် နေပြည်တော်ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ပင့်ဆောင်ခဲ့ပါကြောင်း။

ကျောက်တုံးတော်ကြီးများကို ကုန်းလမ်းခရီးနှင့် စုစုပေါင်း ခုနစ်ခေါက် သယ်ယူခဲ့ရပြီး အလေးချိန်အနေဖြင့် ၇၆၃၂ တန်ရှိပါကြောင်း၊ ထိုကဲ့သို့ကျောက်တုံးတော်ကြီးများကိုပင့်ဆောင်သည့် Modula Trailar များ ထုတ်လုပ်သော ဂျာမနီနိုင်ငံမှ Goldhofer Company အနေဖြင့် ကမ္ဘာပေါ်တွင် အလေးချိန်အများဆုံး အရာဝတ္ထုများကို ခရီးအကွာအဝေးအရှည်ဆုံး ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည့် အသိအမှတ်ပြုလက်မှတ်ကို ပေးအပ်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အလေးချိန်အများဆုံး စကျင်ကျောက်အား ကမ္ဘာတွင် အဝေးဆုံးသောရေလမ်းခရီး သယ်ဆောင်မှုနှင့် အဝေးဆုံးသောကုန်းလမ်းခရီးသယ်ဆောင်မှုတို့ကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရန်အတွက် မြေနေရာကိုစနစ်တကျလေ့လာအကွက်ချ တွက်ချက်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများထံ၌လည်း ဩဝါဒခံယူခဲ့ပြီး ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး အလေးထားစဉ်းစားဆောင်ရွက်ခဲ့ပါကြောင်း၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကသုံးပုံကို ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေးဆောင်ရွက်ခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့အမည်ကိုလည်း **"မာရဝိဇယ"** ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ရုပ်ပွားတော်ကြီးထုဆစ်ရာတွင် ဘုရားရှင်တို့၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ်အပါး ၈၀ တို့နှင့်ညီညွတ်စွာ ကြည်ညိုသပ္ပာယ်အောင်ထုဆစ်ပူဇော်

**စာမျက်နှာ ၂၀ သို့**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဆီမီးထွန်းညှိပူဇော်စဉ်။



ကျောက်စာရုံစေတီများ ရွှေထီးတော်တင်လှူပူဇော်ခြင်းအခမ်းအနား ကျင်းပစဉ်။

စာမျက်နှာ ၁၉ မှအဆက်

ရန်ရည်သန်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်ကြီး၏မျက်နှာတော်အနေအထားကို အနည်းအငယ် ပြုံးနေတော်မူဟန်၊ ဖူးမြော်သူများ ကြည်ညိုစဖွယ်ဖူးမြင်နိုင်ရန် ဦးခေါင်းတော်ကို အရှေ့ ၇ ဒသမ ၅ ဒီဂရီ စောင်းပြီး တည်ထားပါကြောင်း၊ ဆင်းတုတော်ကြီးကို ထုဆစ်ရာတွင် အပိုင်းလိုက်ခွဲကာ CNC စက်များနှင့် အဆင့်ဆင့်ထွင်းထုခဲ့ခြင်းဖြစ်ပါကြောင်း၊ ဆင်းတုတော်အပိုင်းများ တွဲဆက်ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီနည်းပညာများနှင့် ဆောင်ရွက်ထားသည့် နည်းတူ တွဲဆက်ထားသည့်ဆင်းတုတော်အပိုင်းများကို ပင့်ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ပပညာရှင်မပါဘဲ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် တပ်မတော်သားအင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ပင့်ဆောင်ခြင်းလုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို အမှားအယွင်းမရှိစေရေး ခက်ခက်ခဲခဲဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဆင်းတုတော်အပိုင်း(၁၊ ၂၊ ၃)တို့ကို ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်းအခမ်းအနားကိုပြုလုပ်ခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်တွင် ပလ္လင်တော်ထက်ကိုအောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပါကြောင်း၊ ဇန်နဝါရီ ၂၇ရက်တွင် ပထမအကြိမ်ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဒုတိယအကြိမ် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတို့ကို ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ခုနစ်ရက် သားသမီးဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ကုသိုလ်ပြုလှူဒါန်းထားသည့် အဖိုးတန်ကျောက်မျက်ရတနာ ဌာပနာတော်ကုသိုလ်ပစ္စည်းများ ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ပါကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တန်ချိန် ၂၀၀၀၀ ထိခံနိုင်သည့် အောက်ခံအမာရရှိရေး၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက် တည်ဆောက်ခဲ့ပါကြောင်း၊ ဆင်းတုတော်ကြီး၏ ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများဆောင်ရွက်ရာတွင်လည်း သမားရိုးကျနည်းလမ်းများနှင့် ခေတ်မီနည်းလမ်းများပေါင်းစပ်တည်ဆောက်ခဲ့ရာ ညဏ်တော် ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ဆောင်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရတနာပုံခေတ်ဟန်အတိုင်း ခေတ်မီနည်းစနစ်ဖြင့်ပေါင်းစပ်ကာ ကြည်ညိုစဖွယ် သပ္ပာယ်လှသည့် ကမ္ဘာ့အကြီးဆုံးရုပ်ပွားတော်မြတ်ကြီးအဖြစ်အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့ပြီဖြစ်သည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ လျှောက်ထားအပ်ပါကြောင်း၊ ကျောက်တုံးတော်ကြီး စတင်တူးဖော်ချိန်မှ ယနေ့အထိ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရာတွင်ပါဝင်သူ တစ်ဦးတစ်ယောက်မျှ ကြီးမားသည့်ထိခိုက်ဒဏ်ရာရမှုများမရှိခဲ့ပါကြောင်း။

ရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ကိုစကျင်ကျောက်ခင်းရုံသာမက မန္တလေးမြို့ အတုမရှိ ကျောင်းတော်ကြီးပုံစံအတိုင်း မြတ်စွာဘုရားဟောကြားသည့် တရားတော်များအနက် အကြီးမြတ်ဆုံးဖြစ်တော်မူသော ပဋ္ဌာန်းမြတ်ဒေသနာ ၂၄ ပစ္စည်းကိုရည်စူးလျက် ဂန္ဓကုဋိတိုက်များကိုလည်း အဆောင်တစ်ခုနှင့်တစ်ခု အနုလက်ရာများ လုံးဝမတူညီသည့် ၂၄ ဆောင် တည်ဆောက်ထားပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် နေပူပြင်းသည့်အချိန်များတွင် ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်စေရန် တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ ရင်ပြင်တော်တွင် တံခွန်တိုင်နှင့် သဒ္ဓါဓိပတိခေါင်းလောင်းတော်တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီး မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ် တက်ရောက်နိုင်ရန် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပါကြောင်း၊ ဘုရားကြီးပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှရရှိသည့် ဗောဓိညောင်ပင်ကိုလည်း စိုက်ပျိုးထားရှိကာ ရုပ်ပွားတော်ကြီး၏ ဘယ်ဘက်နှင့်ညာဘက်တို့တွင် လုမ္ဗိနီအင်ကြင်းတောနှင့် ရုပ်ပွားတော်ကြီး၏အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စိုက်ပျိုးထားရှိပါကြောင်း။

**“ဓမ္မ၊ ဝိနယဟူသော ပိဋကတ်သုံးဖြာသည် ဘုရားရှင်ပမာ အားလုံးတို့၏ဆရာအဖြစ်တည်ရှိနေ၏”**ဟူသော ဆရာတော်များထံမှ နာယူရသည့်ဒေသနာတော်ကို ဦးထိပ်ပန်ဆင်ပြီး ဗုဒ္ဓမြတ်စွာ၏အဆုံးအမတရားတော်များကို ကျောက်ထက်အက္ခရာတင်လှူရန်စီမံခဲ့ရာတွင် ရုပ်ပွားတော်မြတ်ကြီး ရှေ့မျက်နှာစာမူရာတည့်တည့်တွင် ကျောက်စာရုံစေတီများ တည်ဆောက်ရန်ဆောင်ရွက်ခဲ့ပါကြောင်း၊ စကျင်ကျောက်ချပ်များပေါ်တွင် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း၍ တည်ထားဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ကျောက်စာရုံစေတီများကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံများပုံစံယူ၍ ကျောက်စာရုံစေတီ ၇၂၀ နှင့် မော်ကွန်းကျောက်စာစေတီတော် တစ်ဆူတို့ကို တည်ဆောက်ခဲ့ပါကြောင်း၊ နှစ်ဘာသာဖြင့်ရေးထွင်းပူဇော်ခြင်းဖြစ်၍ ကျောက်စာချပ်ရေ ၁၄၄၀ ရှိပါကြောင်း၊ ကျောက်စာများရေးထိုးရာတွင်လည်း မှားယွင်းမှုမရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)နှင့် သီတဂူသာသနာ့တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ ဦးဆောင်မှုဖြင့် ဆရာတော်ကြီးများက နေ့စဉ်တည်းဖြတ်၍ စနစ်တကျ မှတ်တမ်းတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျောက်စာရုံစေတီများ တည်ဆောက်ရာတွင် မြေနေရာခိုင်ခံ့မှုရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပြီး ကျောက်စာချပ်များအားလုံး အချိန်မီရေးထိုးပြီးစီးနိုင်ရန် CNC စက်များဖြင့် ရေးထိုးဆောင်ရွက်ခဲ့ပြီး အမှားအယွင်းမရှိစေရေးအတွက်လည်း အကြိမ်ကြိမ်တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ခဲ့ပါကြောင်း၊ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် နှုတ်ကပါဠ်တော်လာ ပိဋကသုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများသည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ပိဋကသုံးပုံကို ကျောက်ထက်အက္ခရာတင်ရုံမျှမက ကျမ်းစာအဖြစ်လည်းရိုက်နှိပ်ပြီး ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ပါကြောင်း။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စောင့်ရှောက်ရန်အတွက် ဩဝါဒါစရိယဆရာတော်ကြီးများရှိရန် လိုအပ်သည့်အတွက် မာရဝိဇယကျောင်းတော်ကို တည်ဆောက်ခဲ့ပြီး ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဝိနည်းမဟာဝါပါဠိတော်၊

စာမျက်နှာ ၂၁ သို့



အခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်၊ သံဃာတော်များအား ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



အခမ်းအနားများသို့ ကြွရောက် ချီးမြှင့်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေ့ဆွမ်းဆက်ကပ် လှူဒါန်းစဉ်။





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများအား မီးရောင်စုံများဖြင့် အလင်းပူဇော်ထားရှိမှုနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ညပိုင်းတွင် လျှပ်ပန်းရောင်စုံ မီးပန်းစုံတို့ဖြင့် မီးရှူးမီးပန်းများပစ်ဖောက်၍ ပူဇော်ထားမှုကို တွေ့ရစဉ်။

စာမျက်နှာ ၂၀ မှအဆက်

ဝိနည်းမဟာဝါ အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ မူလပဏ္ဏာသ အဋ္ဌကထာ၊ ဥဒါန်းပါဠိတော်၊ ဇာတကအဋ္ဌကထာ စသည့်ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဂန်တော်များနှင့်အညီ မုစလိန္ဒကန်နှင့် နဂါးရံဘုရားတို့ကို ပြည့်စုံစွာတည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

တပည့်တော် ဆက်လက်လျှောက်ထားလိုသည်မှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အခြံအရံကုသိုလ်တော်အဖြစ် သာသနာ့ဗိမာန်တော်ကြီးကို နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူများက တည်ဆောက်လှူဒါန်း ပူဇော်ထားခြင်းဖြစ်ပါကြောင်း၊ ဆဋ္ဌသင်္ဂါယနာတင်သည့် အချိန်ကာလတွင် ယခင်ဝန်ကြီးချုပ်ဟောင်း ဦးနုဦးဆောင်သော ပြည်သူများက စုပေါင်းတည်ဆောက်လှူဒါန်းခဲ့သည့် မဟာပါသာဏလိုဏ်ဂူတော်ကြီးကိုနမူနာယူ၍ ခေတ်မီဒီဇိုင်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ အမြင့် ၉၄ ပေရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသည် ဝိသုံဂါမသိမ်တော်ကြီးလည်းဖြစ်ပြီး သံဃာအပါး ၉၀၀၊ လူပုဂ္ဂိုလ် ၁၂၀၀ ဝင်ဆံ့၍ နိုင်ငံတော်အဆင့် သာသနာရေးဆိုင်ရာ အခမ်းအနားများကျင်းပနိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ ထို့မှ မက ၂၅၅ ဧက ကျယ်ဝန်းသည့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း၌ ရေပန်းရင်ပြင်၊ ရတနာပုံခေတ်သုဓမ္မာဇရပ် ခြောက်ဆောင်၊ မော်ကွန်းပြတိုက်၊ ဂေါပကရုံးအဆောက်အအုံ၊ မဟာဇောဓိပင်နှင့် ဗြိုဟ်မြေနံမြေဘုရားများ၊ မန္တလေးရတနာပုံနန်းမြို့အဝင် မင်္ဂလာတံတားနှင့်ပုံစံတူ တံတား၊ အဝင်မုခ်ဦး နှစ်ဆောင်၊ ဗုဒ္ဓဥယျာဉ်တော်မဟာရံတံတိုင်း၊ ရုပ်ပွားတော်တက်မင်္ဂလာမုခ်ဦးကြီး လေးစင်း၊ ရွှေလျားစက်လှေကားတစ်စင်း၊ ယာဉ်ရပ်နားကွင်းနှင့် ၄၂ မီတာအမြင့်ရှိသော မိုးကြိုးလွှဲတိုင် နှစ်တိုင် အစရှိသော သာသနိကအဆောက်အအုံမျိုးစုံတို့ကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အခြံအရံ မဟာဒါနပါရမီကုသိုလ်တော်များအဖြစ် ကမ္ဘာတည်သရွေ့ ဗုဒ္ဓဘာသာသာသနာတော်ကြီးသည်လည်း ထွန်းလင်းတောက်ပတည်တံ့ခိုင်မြဲစေရန်ရည်သန်၍ မိမိဦးဆောင်သော အများပြည်သူများစုပေါင်းပြီး လှူဒါန်းပူဇော်ကြပါကြောင်း ဝမ်းမြောက်ဖွယ်စကားလျှောက်ထားအပ်ပါကြောင်း။

ကြွရောက် ချီးမြှောက်တော်မူကြပါသော ပြည်တွင်းပြည်ပမှ ဆရာတော်ကြီးများအားလုံး သက်ရှည်ကျန်းမာစွာဖြင့် ဓမ္မရနှစ်ဖြာသာသနာကို ဆက်လက်ကြီးပမ်းဆောင်ရွက်တော်မူနိုင်ကြပါစေကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့်အတူ ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ကြာစွာတည်တံ့ဝေစည်နိုင်ပါစေကြောင်း၊ နိုင်ငံသူနိုင်ငံသားများအားလုံး ဗြဟ္မစိုရ်တရားများလက်ကိုင်ကျင့်သုံး၍ အစဉ်ထာဝရချမ်းမြေ့သာယာရှိကြပါစေကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ဘေးရန်အနှောင့်အယှက်ကင်းရှင်း၍ လျင်မြန်စွာ အေးချမ်းသာယာ တိုးတက်အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း မိမိ၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားတင်ပြသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဉာဏ်တော်ကိုးလက်မရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ဆိုင်ရာသာသနိကအဆောက်အအုံတော်တို့ကို သဗ္ဗညုဘုရားရှင်အားရည်မှန်းထား၍ သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် ကိုယ်တိုင်လက်ရောက်ဆက်ကပ်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က သီတဂူဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့်ဘုရားဒါယကာ၊ ဒါယိကာမများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်က ဗိသုကာအင်ဂျင်နီယာများကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် ဗိသုကာအင်ဂျင်နီယာများကိုယ်စား တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မူလအရင်းဖြစ်သည့် ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ယင်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် သီတဂူဆရာတော်ကြီးချီးမြှင့်မြွက်ကြားတော်မူသည့် သမ္မောဒနီယဩဝါဒကထာကို နာယူကြည်ညိုကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရထံမှ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားမှူးက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရာတွင် အမှားအယွင်းနှင့် မပြည့်စုံခြင်းများရှိပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်လွှာစာတမ်းကို ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား ဖတ်ကြားတောင်းပန်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မဟာမင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများရွာသွန်းဖြိုးကြသည်။

## နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း

အခမ်းအနားအပြီးတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များက ယနေ့အခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော်၊ သံဃာတော်အပါး ၉၀၀ အား ဘောဇနသာလာအဆောင်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်းနှင့် တက်ရောက်လာကြသည့် အလှူရှင်များ၊ ဧည့်ပရိသတ်များကိုလည်း နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

ထို့ပြင် ညပိုင်းတွင်လည်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လျှပ်ပန်းရောင်စုံ မီးပန်းစုံတို့ဖြင့် မီးရှူးမီးပန်းများပစ်ဖောက်၍ ကြည်ညိုသပ္ပာယ်ဖွယ်ပူဇော်ခဲ့ကြောင်းနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများကို မီးရောင်စုံများဖြင့် အလင်းပေးပူဇော်ထားရှိသဖြင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖူးတွေ့နိုင်ကြောင်း သတင်းရရှိသည်။



ကျောက်စာရုံတော်များ ရွှေထီးတော်တင်လှူပူဇော်ခြင်းအခမ်းအနား ကျင်းပစဉ်။



# ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၈/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဒေါ်အောင်ဆန်းစုကြည်အပေါ် သက်ဆိုင်ရာတရားရုံးများက ပြစ်မှုထင်ရှားစီရင်ပြီးချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် ရာဇဝတ်မှုကြီးအမှတ်၊ ၃၅/ ၂၀၂၁၊ ရာဇဝတ်မှုကြီးအမှတ်၊ ၃၇/ ၂၀၂၁ ရာဇဝတ်မှုကြီးအမှတ်၊ ၇၁/ ၂၀၂၁၊ ရာဇဝတ်မှုကြီးအမှတ်၊ ၃၈/ ၂၀၂၁၊ ရာဇဝတ်မှုကြီးအမှတ်၊ ၄၅/ ၂၀၂၁ တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၄၉/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဦးဝင်းမြင့်အပေါ် သက်ဆိုင်ရာတရားရုံးများက ပြစ်မှုထင်ရှားစီရင်ပြီးချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် ရာဇဝတ်မှုကြီးအမှတ်၊ ၃၅/ ၂၀၂၁၊ရာဇဝတ်မှုကြီးအမှတ်၊ ၃၆/ ၂၀၂၁ တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# သေဒဏ်ပြစ်ဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၀/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင်ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့အထိမ်းအမှတ်အားဖြင့် အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား၊ အကျဉ်းသူများအနက် ပြစ်ဒဏ်လျှော့ပေါ့သင့်သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံစေလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၂/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင်ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အောက်ပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်-

| | | | |
|---|---|---|---|
| (၁) | လရ/၂၂/၀၀၅၇၇/က | အဆီးဖ (ဘ) ဦးအဆားဖ | MNDAAလက်နက်ကိုင်အဖွဲ့ |
| (၂) | မတလ/၂၁/၀၁၇၆၀/က | အိုက်ညို(ခ)ကျော်ညို (ဘ) ဦးစံဟ | TNLAလက်နက်ကိုင်အဖွဲ့ |
| (၃) | မတလ/၂၁/၀၁၇၆၁/က | အိုက်ကျန်(ခ)လွင်ကျော် (ဘ) ဦးအိုက်ရွှေ | TNLAလက်နက်ကိုင်အဖွဲ့ |
| (၄) | မတလ/၂၁/၀၁၇၆၂/က | ထွန်းဝင်း(ခ)အိုက်ဝင်း (ဘ) ဦးပန်းမာန် | TNLAလက်နက်ကိုင်အဖွဲ့ |
| (၅) | သပ/၂၂/၀၀၀၆၃/က | အိုက်ရွှေ (ဘ) ဦးပန်းငြိမ်း | TNLAလက်နက်ကိုင်အဖွဲ့ |
| (၆) | သပ/၂၂/၀၀၀၆၄/က | တောင်ကျန်း (ဘ) ဦးပန်းငြိမ်း | TNLAလက်နက်ကိုင်အဖွဲ့ |
| (၇) | သပ/၂၂/၀၀၀၆၅/က | အိုက်စိန် (ဘ) ဦးဒေဘီလ | TNLAလက်နက်ကိုင်အဖွဲ့ |
| (၈) | သပ/၂၂/၀၀၀၉၉/က | အိုက်နိုင်(ခ)အနိုင် (ဘ) ဦးကျော်ဇော | TNLAလက်နက်ကိုင်အဖွဲ့ |
| (၉) | လရ/၂၂/၀၀၂၈၈/က | ကော်ခမ်း (ဘ) ဦးထွန်းရွှေ | SSPP/SSA လက်နက်ကိုင်အဖွဲ့ |
| (၁၀) | လရ/၂၂/၀၀၂၈၉/က | အိုက်လွတ် (ဘ) ဦးထွန်း | SSPP/SSA လက်နက်ကိုင်အဖွဲ့ |
| (၁၁) | သပ/၂၁/၀၀၁၂၄/က | ကျော်ထွန်း(ခ)အိုက်ထွန်း(ခ)လွယ်ကန် (ဘ)ဦးဩ | SSPP/SSA လက်နက်ကိုင်အဖွဲ့ |
| (၁၂) | လရ/၂၂/၀၀၅၇၈/က | အိုက်ညီး (ဘ) ဦးညီမိန်း | MNDAAလက်နက်ကိုင်အဖွဲ့ |
| (၁၃) | လရ/၂၂/၀၁၀၉၀/က | အာကာစိုး(ခ)အိုက်ခွေ့ (ဘ) ဦးဂွင်ဂျန်း | TNLAလက်နက်ကိုင်အဖွဲ့ |
| (၁၄) | လရ/၂၂/၀၀၂၇၆/က | အိုက်မန်း (ဘ) ဦးအိုက်ဆွဲ | TNLAလက်နက်ကိုင်အဖွဲ့ |
| (၁၅) | လရ/၂၂/၀၁၀၉၁/က | အိုက်ညို (ဘ) ဦးအောင်ဆာ | TNLAလက်နက်ကိုင်အဖွဲ့ |
| (၁၆) | လရ/၂၃/၀၀၂၁၁/က | ထွန်းမောင်(ခ)အိုက်ရိန်း (ဘ) ဦးအိုက်ဆာ | TNLAလက်နက်ကိုင်အဖွဲ့ |
| (၁၇) | လရ/၂၂/၀၁၂၀၁/က | မောင်မောင်စံ(ခ)မောင်ကျမ် (ဘ) ဦးအိုက်တုန်(ခ)ဆွယ်ခိုင် | TNLAလက်နက်ကိုင်အဖွဲ့ |
| (၁၈) | လရ/၂၂/၀၁၂၀၀/က | ကာလိန်(ခ)မောင်လေး (ဘ) ဦးအိုက်ယွင်း | TNLAလက်နက်ကိုင်အဖွဲ့ |
| (၁၉) | လရ/၂၃/၀၀၆၁၅/က | အိုက်တီး (ဘ) ဦးအိုက်လော့ | TNLAလက်နက်ကိုင်အဖွဲ့ |
| (၂၀) | လရ/၂၃/၀၀၆၁၆/က | အိုက်မွန်း (ဘ) ဦးအိုက်ကျန် | TNLAလက်နက်ကိုင်အဖွဲ့ |
| (၂၁) | လရ/၂၃/၀၀၆၁၇/က | အိုက်လော့(ခ)အောင်ကျော် (ဘ) ဦးအိုက်လွဲ | TNLAလက်နက်ကိုင်အဖွဲ့ |
| (၂၂) | သတ/၂၃/၀၀၃၈၉/က | အောင်နိုင်မြင့် (ဘ) ဦးချစ်မောင် | AA လက်နက်ကိုင်အဖွဲ့ |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# အကျဉ်းသား၊ အကျဉ်းသူ ၇၇၄၉ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၁/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင်ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့်လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်၊အချုပ်ထောင်၊စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၇၇၄၉ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၄/ ၂၀၂၃**
၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်)

## ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့်ဆက်စပ်သူ ၇၂ ဦး၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို



ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁**

ဝါဆိုလပြည့်နေသည် သဗ္ဗညုတရွှေတော်၊ ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာဆိုသော ထူးမြတ်သည့် ဂုဏ်ဒြပ်လေးရပ်အပြင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်ကြောင်း ဝန်ခံသောနေ့ဖြစ်ခြင်း၊ တရားရတနာစတင်ပေါ် ပေါက်လာသောနေ့ဖြစ်ခြင်း၊ သံဃာရတနာစတင်ပေါ် ပေါက်လာသောနေ့ဖြစ်ခြင်း၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့စတင်ကူးပြောင်းခွင့်ကြုံလာသောနေ့ဖြစ်ခြင်း၊ မြတ်ဗုဒ္ဓ၏ ဗောဓိကျွတ်ဟူသော စကားကိုစတင်ကြားရသောနေ့ဖြစ်ခြင်းစသည်ဖြင့် ထူးခြားဂုဏ်ဒြပ်ကိုးရပ်တို့နှင့်ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။

အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြရာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်နှင့် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများစိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေ အနားယူကြသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

## နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၂၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၃/ ၂၀၂၃**
၁၃၈၅ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အားဖြင့် လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတွင်ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၂၅ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)တွင် မန္တလေးမြို့ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား၌ ဘုရားဖူးလာပြည်သူများကို တွေ့ရစဉ်။

**☆ ကျောဖုံးမှအဆက်**

နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း အကျဉ်းထောင်၊အချုပ်ထောင်၊ စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ နိုင်ငံသား ၇၇၄၉ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၂၂ ဦး၊ နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များနှင့် ဆက်စပ်သူ ၇၂ ဦးအား တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်းနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၂၅ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထို့သို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းကြောင့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊



မန္တလေး ဗဟို အကျဉ်းထောင်မှ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများကို သက်ဆိုင်ရာ နေရပ်ဒေသ အသီးသီးသို့ ပြန်လည် စေလွှတ်နေမှုကို တွေ့ရစဉ်။

အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၇၇၄၉ ဦး၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင် ၂၂ ဦးနှင့် နိုင်ငံခြားသားအကျဉ်းသား၊အကျဉ်းသူ ၁၂၅ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်း၊နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များနှင့် ဆက်စပ်သူ ၇၂ ဦးကို တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း၊ သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား၊ အကျဉ်းသူများအနက် ပြစ်ဒဏ်လျှော့ပေါ့သင့်သူများကို သေဒဏ်ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံခြင်းနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသား၊ အကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားသည့်အတွက် ယခုပြန်လည်လွတ်မြောက်လာသည့် အချိန်တွင် ကျန်းမာပျော်ရွှင်လျက်ရှိပြီး လာရောက်ကြိုဆိုသည့် မိဘဆွေမျိုးများကလည်း ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်(၉/၂၀၂၃) ထုတ်ပြန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ် ၄၈/ ၂၀၂၃၊ ၄၉/ ၂၀၂၃၊ ၅၀/ ၂၀၂၃၊ ၅၁/ ၂၀၂၃၊ ၅၂/ ၂၀၂၃၊ ၅၃/ ၂၀၂၃ နှင့် ၅၄/ ၂၀၂၃ တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းအမိန့်များအရ ဒေါ်အောင်ဆန်းစုကြည်အား တရားရုံးများက ပြစ်မှုထင်ရှားစီရင်ပြီး ချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် ရာဇဝတ်မှုကြီးအမှတ် ၃၅/ ၂၀၂၂၊ ၃၇/ ၂၀၂၂၊ ၇၁/ ၂၀၂၂၊ ၃၈/ ၂၀၂၂၊ ၄၅/ ၂၀၂၂ တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ (၁)အရ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ ဦးဝင်းမြင့်အား တရားရုံးများက ပြစ်မှုထင်ရှားစီရင်ပြီး ချမှတ်ခဲ့သည့် ပြစ်ဒဏ်များအနက် ရာဇဝတ်မှုကြီးအမှတ် ၃၅/ ၂၀၂၂၊ ၃၆/ ၂၀၂၂ တို့ဖြင့် ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ်ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ လွတ်ငြိမ်းသက်သာခွင့်ပြုခြင်း၊ အကျဉ်းထောင်အသီးသီးတွင် သေဒဏ်ချမှတ်ခြင်းခံထားရသော အကျဉ်းသား၊အကျဉ်းသူများအနက် ပြစ်ဒဏ်လျှော့ပေါ့သင့်သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(က)အရ ချမှတ်ထားသည့် သေဒဏ်ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု၍ ထောင်ဒဏ်တစ်သက်သို့ပြောင်းလဲကျခံစေခြင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊အကျဉ်းသူ ၇၇၄၉ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် ၂၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခြင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား၊အကျဉ်းသူ ၁၂၅ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ ပြစ်ဒဏ်များလျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းနှင့် နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် ဆက်စပ်သူ ၇၂ ဦး၏ တရားရုံးစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများကိုပိတ်သိမ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အမှုမှလွတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၃။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့်တို့ကို အမိန့်အမှတ် ၄၈/ ၂၀၂၃ နှင့် ၄၉/ ၂၀၂၃ တို့အရ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းသည် အပြုသဘောဆောင်ပါသည်။

၄။ နိုင်ငံခြားသား အကျဉ်းသား၊အကျဉ်းသူ ၁၂၅ ဦးကို ပြစ်ဒဏ်များလျှော့ပေါ့ပြီး လွတ်ငြိမ်းခွင့်ပြုခြင်းသည် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်ရာရောက်သည်ဟု ရှုမြင်ပါသည်။

၅။ ဤဆောင်ရွက်မှုများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော လုပ်ဆောင်ချက်ဖြစ်သည့်အပြင် လူသားချင်းစာနာထောက်ထားမှုကိုလည်း အလေးထားရာရောက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို အထောက်အပံ့ဖြစ်စေပါသည်။ သေဒဏ်ပြစ်ဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲကျခံရရှိသူများအနေဖြင့်လည်း အသက်ရှင်သန်ခွင့်ရရှိကြပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ပြစ်ဒဏ်သက်သာခွင့်ရရှိသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏စေတနာကိုအလေးထားပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဥပဒေဘောင်အတွင်းမှ ပါဝင်ဆောင်ရွက်နိုင်မည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ပါသည်။

၆။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း ပြစ်ဒဏ်မှ လွတ်မြောက်လာကြသူများ၊ ပြစ်ဒဏ်မှ သက်သာခွင့်ရရှိသူများ၏ မိသားစုဝင်များနှင့်အတူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းကိုမိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့"**ခေါင်းစဉ်ဖြင့် ၂-၈-၂၀၂၃ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရိက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့်သားဖြစ်သူ အသက် ၁၁ နှစ်အရွယ် ကလေးအပါအဝင် ဆရာ၊ ဆရာမ ခုနစ်ဦးကို PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင် ရိက်နက်ညှင်းပန်းနှိပ်စက်ပြီး ရိက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတစ်ဦးကို ပစ်သတ်သွားသည့်ဖြစ်စဉ်"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဩဂုတ် ၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁**

ဇူလိုင် ၃၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၂၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၁၀၃၆ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၈၄၀ ဦး |

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၀၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်း



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့ ဆိုင်မိန်းဘုန်းတော်ကြီးကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှအရာရှိ၊ စစ်သည်၊ မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ အတွင်းရှိ မြို့နယ်များမှ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ၊ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေး၊ တရားဘာဝနာများကို အားထုတ်နိုင်ရေးနှင့် မြို့ရွာများ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်ခုနစ် မြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ဘုရားစေတီပုထိုးဝန်းကျင်နှင့် ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၊အပြင်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ဘုရားရင်ပြင်တော်များကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ အလှူငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက်အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချ ပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၃၁ ရက်၌ အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Zay Yan Lwin" အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်နေ ဇေယံလွင် (ခ)ဆန်းထွန်းအောင်အား ည ၇ နာရီ ၃၅ မိနစ်တွင် ပျော်ဘွယ်မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လထိ ကုန်တင်သင်္ဘောအစီးရေ ၃၇၄ စီး ဝင်ရောက်ခဲ့



**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လထိ ကုန်တင်သင်္ဘောအစီးရေ ၃၇၄ စီးဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးစိန်လွင်ဇော်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်တင်သင်္ဘောများ ဝင်ရောက်ခဲ့ရာတွင် ယခုနှစ် ဇန်နဝါရီလတွင် ကုန်တင်သင်္ဘော ၅၂ စီး၊ ဖေဖော်ဝါရီလတွင် ကုန်တင်သင်္ဘော ၅၁ စီး၊ မတ်လတွင် ကုန်တင်သင်္ဘော ၅၅ စီး၊ ဧပြီလတွင် ကုန်တင်သင်္ဘော အစီးရေ ၅၀၊ မေလတွင် ကုန်တင်သင်္ဘော ၅၆ စီး၊ ဇွန်လတွင် ကုန်တင်သင်္ဘော ၅၇ စီး၊ ဇူလိုင်လတွင် ကုန်တင်သင်္ဘော ၅၃ စီး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

“ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွေကို နိုင်ငံတကာ သင်္ဘောလိုင်းတွေက ကုန်တင်သင်္ဘောတွေ ဝင်ရောက်မှုကတော့ ဒီနှစ် ဇန်နဝါရီလကနေ ဇူလိုင်လထိ အစီးရေ ၃၇၄ စီးဖြစ်ပါတယ်။ နိုင်ငံတကာကုန်တင်သင်္ဘောလိုင်းပေါင်း ၂၀ က ကုန်တင်သင်္ဘောတွေဖြစ်ပါတယ်။ အခု ဩဂုတ်လမှာလဲ သင်္ဘောလိုင်း ၁၅ လိုင်းကနေ သင်္ဘော ၅၄ စီး ဝင်ရောက်လာအုံးမှာဖြစ်ပါတယ်” ဟု ဦးစိန်လွင်ဇော်က ပြောပြသည်။

ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များ တိုးမြှင့်တင်သွင်းနိုင်ရန်အတွက် ကုန်သေတ္တာတင်သင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များ ပြန်လည်တိုးချဲ့ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်ဆိပ်ကမ်းများသို့ ၂၀၁၂ ခုနှစ် မေလမှစ၍ နိုင်ငံတကာကုန်သေတ္တာနှင့် အထွေထွေကုန်စည်သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ASH

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၂၄၀၀၀ စိုက်ပျိုးပြီးစီး

**အင်းတော် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၂၄၀၀၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၅၉၈၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၄၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မိုးစပါး ၅၅၉၈၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ဧက ၂၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပါပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်နေတယ်။ မနှစ်ကတော့ မိုးစပါးဧက လျာထားချက်ထက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ တစ်နှစ်ထက်တစ်နှစ် မိုးစပါးစိုက်ပျိုးမှုကတော့ တိုးစိုက်နိုင်ပါတယ်။ အထွက်ကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေတယ်”ဟု အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။



ယခုနှစ် မိုးစပါးစိုက်ပျိုးမည့်တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အင်းတော်မြို့နယ်တွင် မိုးစပါးဧက ၅၅၉၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၁၁ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါး ၅၅၉၈၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# လှိုင်းဘွဲ့မြို့နယ် တာပေါင်ကုန်-ကော့ပေါကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**လှိုင်းဘွဲ့ ဩဂုတ် ၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာပေါင်ကုန်-ကော့ပေါကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများသည် ကျေးရွာတာဝန်ရှိသူများနှင့်အတူ တာပေါင်ကုန်-ကော့ပေါကျေးရွာချင်းဆက် လမ်းအရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းနှင့် အဆိုပါလမ်းပေါ်၌ အလျား ၂၄ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိသော Box Culvert တစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများအားလုံး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ပြည်နယ် အစိုးရရန်ပုံငွေကျပ် ၄၆ ဒသမ ၁၅၈ သန်းဖြင့် တာပေါင်ကုန်-ကော့ပေါကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို မေဘရဏီထူးကုမ္ပဏီက တာဝန်ယူ၍ မေ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၁၆၈ အိမ်၊ လူ ၁၁၇၂ ဦးအပြင် အဆိုပါကျေးရွာချင်းဆက်လမ်းကို အသုံးပြုနေသော ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူလာမည်ဖြစ်ကြောင်း သိရသည်။

ယဉ်လေး

# အင်ပူမြို့နယ် ရွှေကျောင်းအိုင်ကျေးရွာ၌ ၄၀၀ ပို့ဗာတ်အားလိုင်းသွယ်တန်းနေမှု စစ်ဆေး

**အင်ပူ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်ပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရွှေကျောင်းအိုင်ကျေးရွာ၌ ၄၀၀ ဗို့ဗာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အင်ပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့်တာဝန်ခံအင်ဂျင်နီယာများက ရွှေကျောင်းအိုင်ကျေးရွာ၌ ၄၀၀ ဗို့ ဗာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွှေကျောင်းအိုင်ကျေးရွာ၌ အရှည်ပေ ၁၂၂၀ ရှိ ၄၀၀ ဗို့ ဗာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၃၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ပြီးစီးပါက ရွှေကျောင်းအိုင်ကျေးရွာရှိ အိမ်ခြေ ၁၃၈ အိမ်၊ လူ ၆၂၂ ဦးတို့အတွက် လျှပ်စစ်မီးရရှိပြီး ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

သံသာ

# ရပ်စောက်မြို့နယ် ကျောက်တောခေတ်မီစံပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရပ်စောက် ဩဂုတ် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တောခေတ်မီစံပြကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေရယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောက်တောခေတ်မီစံပြကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ရိုင်



# မြသန်းတင့်၏ အမောင်ရိပ်ဝယ်

ပုသိမ်အောင်သန်းဦး

"အမောင်ရိပ်ဝယ်" ဇာတ်လမ်းအကျဉ်းမှာ အောက်ပါအတိုင်းဖြစ်သည်။ ကျော်မောင်သည် မိခင်မုဆိုးမကြီး၏ အုပ်ထိန်းမှုအောက်တွင်နေခဲ့ရ၏။ မိခင်မှာ စားဝတ်နေရေးအတွက် နေ့စဉ်အကြော်ရောင်းနေရရာ ကျော်မောင့်ကို ကောင်းစွာမစောင့်ရှောက်နိုင်ပေ။ ထို့ကြောင့် ကလေးဘဝကပင် ကျော်မောင်သည် ပေပေတေတေလေလွင့်လူငယ်လေးတစ်ယောက် ဖြစ်ခဲ့သည်။ သူသည် မျောက်ပန်းလှန်သည်။ ဘကြီးတော်သူနှင့်အတူ ဖဲဝိုင်းသို့လိုက်သည်။ မိခင်သိ၍ ဆုံးမသော်လည်း မနိုင်ပေ။

စစ်ကြီးပြီးသွားသောအခါ ကျော်မောင်၏မိခင်နှင့်အတူ အဘိုးအိမ်သို့ ပြန်ရောက်လာသည်။ သို့သော် အဘိုးမှာ နောက်မိန်းမယူထားသဖြင့် အဆင်မပြေဖြစ်လာသည်။ အဘိုး၏မိန်းမမှာလည်း သူ့အမေနှင့် အရွယ်တူဖြစ်လေသည်။ နောက်ဆုံး ကျော်မောင်တို့မိသားစု ရန်ကုန်သို့ ပြောင်းခဲ့ကြသည်။

ရန်ကုန်ရောက်သောအခါ ပန်းဆိုးတန်းရှိ ကုန်သည် ဦးကျော်သန်းအိမ်တွင် အစေအပါးအဖြစ်နေကြရသည်။ မကြာမီ ကျော်မောင်၏ အဘိုးသည်လည်း ရန်ကုန်သို့ပြောင်းလာရာ ကုန်သည်ဦးကျော်သန်းအိမ်မှတစ်ဆင့် သူ့မိခင်၏အစ်မဝမ်းကွဲတော်သူ ဒေါ်လွန်းမေရှိရာ ၃၄ လမ်းရှိ အိမ်သို့ ပြောင်းခဲ့ကြရပြီး ဒေါ်လွန်းမေ၏ ဝေယျာဝစ္စများကို ကူညီလုပ်ကိုင်ပေးရပြန်သည်။ သူစိမ်းအိမ်နေရခြင်းထက် ဆွေမျိုးအိမ်နေရခြင်းက ပို၍ကောင်းမည်ဟူသောအမှတ်ဖြင့် နေကြခြင်းသာဖြစ်သည်။

ကျော်မောင်သည် သူများအိမ်တွင်နေထိုင်ပြီး သူများခိုင်းသည်ကို လုပ်နေရခြင်းထက် ကိုယ်ပိုင်အလုပ်တစ်ခုလုပ်ချင်လာသည်။ မိခင်နှင့်တိုင်ပင်သည်။ ဒေါ်လွန်းမေကပင် ရုပ်ရှင်ရုံအောက်တွင် ကွမ်းယာ၊ ဆေးလိပ်ရောင်းရန် အရင်းထုတ်ပေးသည်။ ကွမ်းယာ၊ ဆေးလိပ်ရောင်းရင်း တစ်ဖက်က တစ်ဆယ်၊ ဆယ့်ငါးကျပ် ဝင်ငွေမှန်မှန်ရနေသော်လည်း ပတ်ဝန်းကျင်က ပျက်စီးရာလမ်းဆီသို့ ဖိတ်ခေါ်နေသကဲ့သို့ ရှိခဲ့သည်။

ရုပ်ရှင်ရုံပတ်ဝန်းကျင်သည် လူစုံသည်။ ကစားသမား၊ ခါးပိုက်နှိုက်၊ အလစ်သမား၊ မိန်းမပျက် စသည်တို့ပေါများလှသည်။ ကျော်မောင်သည် တဖြည်းဖြည်းလူရည်လည်လာပြီး လက်မှတ်တိုးရောင်းသည်။ ဆိုက်ကားသမားများနှင့် မျောက်ပန်းလှန်သည်။ အရင်းပြုတ်သောအခါ ဒေါ်လွန်းမေ၏လုံချည်များ ယူပေါင်သည်။ ထိုအဖြစ်ကို ဒေါ်လွန်းမေသိသွားသောအခါ ကျော်မောင်၏အမေ ချုံးပွဲချငိုသည်။

ကျော်မောင်သည် ကုလားသူဌေးယောက်ဖ မောင်စိန်နှင့်ပတ်သက်ပြီး မောင်လှ၊ ကိုစိန်ကြီး၊ စူလတန် စသောရန်ကုန်ကြမ်းပိုးများနှင့် ပေါင်းမိသည်။ ဒေါ်လွန်းမေအိမ်မှဆင်းခဲ့ပြီး မောင်လှအိမ်သို့ ရောက်ခဲ့သည်။ မောင်လှ၊ ကိုစိန်ကြီးတို့နှင့်အတူ ညအချိန်တွင် မီးလုံးများလိုက်ဖြုတ်သည်။ နေ့အချိန်တွင် မျောက်ပန်းလှန်လေသည်။

တစ်နေ့ မီးလုံးဖြုတ်ရန်ချောင်းနေစဉ် ပုလိပ်များမိပြီး အဖမ်းခံရသည်။ ပုဒ်မ-၄၁၊ ၄၂ ဖြင့် အဖမ်းခံရခြင်းဖြစ်သည်။ ပထမဆုံးအကြိမ် အချုပ်ထဲရောက်ခဲ့ခြင်းဖြစ်သည်။ နောက်တစ်ကြိမ်တွင်မူ ခိုးရာပါပစ္စည်းများနှင့် လက်ပူးလက်ကြပ်မိရာ ရုံးတင်တရားစွဲခြင်းခံရသည်။ အသက်မပြည့်သေးသဖြင့် အမေ့ကျောင်း (ဒေါ်တီတီလစ်ကျောင်း)သို့ရောက်ရသည်။

သူ့အမေ မလေးရှင်သည် မိတ်ဆွေတစ်ဦး၏ သတင်းပေးချက်အရ သားဖြစ်သူကို အာမခံဖြင့်လာထုတ်သည်။ မိခင်မှာ လက်သမားဆရာတစ်ဦးနှင့် အိမ်ထောင်ကျနေပြီး ကျောက်မြောင်း အောင်မင်္ဂလာလမ်းတွင် နေထိုင်လျက်ရှိသည်။ ပထွေးဖြစ်သူမှာ သဘောကောင်းသော်လည်း ကျော်မောင်မှာ ဘာမှ မလုပ်ဘဲ မနေတတ်သဖြင့် နှစ်လမျှအကြာတွင် မောင်လှတို့ဆီ ပြန်ရောက်သွားသည်။ ယခုအခါ မောင်လှတို့လူစုသည် မီးလုံးဖြုတ်သည့်အလုပ်ကို မလုပ်တော့ဘဲ ညဈေးတန်းဆိုင်များကို ဖောက်သည့်အလုပ်ဖြင့် အဆင်ပြေနေကြသည်။ ကျော်မောင်မှာ အမေ့ကျောင်းတွင် သိကျွမ်းခဲ့သော ညွန့်ကြွားတို့နှင့် ဆက်မိသည်။

❖ ထောင်မှထွက်သော် ဝါဖောင်းနှင့်ပြန်တွဲသည်။ မိန်းမပျက် မတင်ရီနှင့်ပြန်ဆုံကာ လင်မယားအဖြစ် ပေါင်းသင်းနေပြန်သည်။ မစိန်ညွန့်အိမ်ဖောက်ထွင်းမှုဖြစ်သောအခါ သူ့လက်ချက်မဟုတ်သော်လည်း ကျော်မောင်မှာ ရာဇဝင်လူဆိုးစာရင်းဝင်ဖြစ်နေသဖြင့် အဆွဲမခံရရန် မတင်ရီနှင့်အတူ လက်ပန်တန်းသို့ တိမ်းရှောင်သည်။ မစိန်ညွန့်အိမ်ဖောက်ထွင်းမှု တရားခံများကို မိပြီဆိုမှ ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။ ရန်ကုန်ရောက်တော့ သူ့မိခင်အိမ်သို့ ပြန်ခဲ့သည်။ မတင်ရီကို ကျော်မောင်က သူ့မိန်းမအဖြစ်ပြောသည်။ ❖

ပေငါးဆယ်လမ်းထိပ်ရှိ ညီအစ်မနှစ်ယောက် ထမင်းဆိုင်တွင် စတည်းချကာ မီးလုံးဖြုတ်သည့်အလုပ်ကိုပင် ပြန်လုပ်သည်။ သူနာပြုကားမှ မီးလုံးဖြုတ်စဉ် လူမိပြီး အမေ့ကျောင်းသို့ ပို့ခြင်းခံရပြန်သည်။ အမေ့ကျောင်းမှ ထွက်ပြေးပြီး မီးလုံးဖြုတ်သည့်အလုပ်ကို ပြန်လုပ်ရာ အဖမ်းခံရပြန်သည်။ ယခုအကြိမ်တွင် အသက်စေ့ပြီဖြစ်၍ ထောင်သို့အပို့ခံရသည်။ အရာရှိအိမ်တွင် ထမင်းချက်ရသည်။ အရာရှိသမီး မီမီကို စာပေးရာ ပါးရိုက်ခံရသည်။ နောက်တစ်ကြိမ်တွင် စာပေးရုံမက ဖက်ယမ်းနမ်းခဲ့ရာ မအူပင်ထောင်သို့ အပို့ခံရသည်။

မအူပင်ထောင်မှ လွတ်သောအခါ မိခင်နေထိုင်ရာ ကျောက်မြောင်း အောင်မင်္ဂလာလမ်းနေအိမ်သို့ ပြန်သွားသည်။ ဤတွင် သူ့ပထွေး၏တူမ ခြေထောက်အနာကြောင့် ဆေးလာကုရာမှ တွေ့ဆုံပြီးချစ်ကြိုက်ခဲ့ကြသည်။ ပထွေးတူမ မခင်လှိုင် အနာပျောက်၍ ရွာသို့ပြန်သောအခါ နှစ်ဦးသားဖက်ပြီးငိုခဲ့ကြသည်။ မခင်လှိုင်က သူတို့နှစ်ယောက်နီးစပ်ရန်အတွက် ငွေစုပါဟုဆိုသည်။ ကျော်မောင်မှာ ပထွေးနှင့်အတူ လက်သမားလုပ်ရင်း ငွေစုသည်။ သို့သော် လက်သမားလုပ်ခမှာ တစ်နေ့ သုံးကျပ်သာရရှိရာ ငွေစုရန်အခက်အခဲရှိလာသည်။ ထို့ကြောင့် ငွေများများရလွယ်မည့် အလုပ်တစ်ခုလုပ်ရန် ကျော်မောင်ဆုံးဖြတ်သည်။ ကျော်မောင် မောင်ညွန့်အိမ်သို့ရောက်ခဲ့သည်။

ယခုအခါ သူတို့သည် မီးလုံးမဖြုတ်တော့။ အိမ်ဖောက်ကြသည်။ ဝက်အူလှည့်မသုံးတော့။ ကလအော်၊ လွန်းလွှတို့ကို ကိုင်ကြသည်။ ဤတွင် မောင်ညွန့်မိန်းမ မစိန်ရင်နှင့်ပတ်သက်ပြီး မိန်းမပျက် မတင်ရီနှင့်အဆက်ဖြစ်လာသည်။

သည့်နောက် ၅၂ လမ်းရှိ တိုက်တစ်တိုက်ကို ဖောက်ထွင်းမှုဖြင့် ကျော်မောင် ထောင်နှစ်နှစ်ကျပြန်သည်။ ထောင်မှထွက်သောအခါ မိခင်အိမ်သို့ပြန်လာသည်။ ပထွေးကား လက်သမားလုပ်ဆဲပင်။ ကျော်မောင်က သူ့အမေကို ကားစပယ်ယာလုပ်နေသည်ဟု ညာပြောသည်။

ထိုစဉ် မခင်လှိုင်တို့မိသားစု ရန်ကုန်သို့ပြောင်းလာကြသည်။ ပုဇွန်တောင်ဈေးတွင် ဈေးရောင်းသည်။ မခင်လှိုင်က ကျော်မောင့်အကြောင်းကို အလုံးစုံသိပြီးဖြစ်ရာ ထိုအလုပ်များကို မလုပ်ရန်ပြောသည်။ ကျော်မောင်ကလည်း နောင်မလုပ်တော့ပါဟု ကတိပြုသည်။ သို့ဖြင့် ကျော်မောင်သည် ရုပ်ရှင်နှင့်ပြဇာတ်ဌာနမှ အော်ပရေတာ ကိုစံရီထံတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ဤတွင် မလိုသူတစ်ဦးက တိုင်သဖြင့် လက်နက်မှုဖြင့်အဆွဲခံရသည်။ သူ့ထံတွင် ခြောက်လုံးပြူးရှိသည်ဆိုကာ တိုင်ကြားခြင်းဖြစ်သည်။

ကျော်မောင် အဖမ်းမခံဘဲ ထွက်ပြေးသည်။ သင်္ဃန်းကျွန်းရှိ တရုတ်ကပြား ဝါဖောင်းအိမ်သို့ ရောက်ပြန်သည်။ ဝါဖောင်းနှင့်တွဲပြီး အိမ်ဖောက်သည်။ လူနိုးလျှင် အနုကြမ်းစီးသည်။ သည့်နောက် ကျော်မောင်သည် အရက်ဆိုင်၊ ဖဲဝိုင်း၊ ပြည့်တန်ဆာအိမ်များတွင် သံသရာလည်နေပြန်သည်။ သို့ဖြင့် အရာရှိတစ်ဦး၏အိမ်သို့ဖောက်ထွင်းမှုဖြင့် ထောင်သုံးနှစ်ကျပြန်သည်။

ထောင်မှထွက်သော် ဝါဖောင်းနှင့်ပြန်တွဲသည်။ မိန်းမပျက် မတင်ရီနှင့်ပြန်ဆုံကာ လင်မယားအဖြစ် ပေါင်းသင်းနေပြန်သည်။ မစိန်ညွန့်အိမ်ဖောက်ထွင်းမှုဖြစ်သောအခါ သူ့လက်ချက်မဟုတ်သော်လည်း ကျော်မောင်မှာ ရာဇဝင်လူဆိုးစာရင်းဝင်ဖြစ်နေသဖြင့် အဆွဲမခံရရန် မတင်ရီနှင့်အတူ လက်ပန်တန်းသို့ တိမ်းရှောင်သည်။ မစိန်ညွန့်အိမ်ဖောက်ထွင်းမှု တရားခံများကို မိပြီဆိုမှ ရန်ကုန်သို့ပြန်လာခဲ့ကြသည်။

ရန်ကုန်ရောက်တော့ သူ့မိခင်အိမ်သို့ ပြန်ခဲ့သည်။ မတင်ရီကို ကျော်မောင်က သူ့မိန်းမအဖြစ်ပြောသည်။ မတင်ရီက ပေါ့ပေါ့နေပေါ့ပေါ့စားအဖြစ် နေလေရာ သူ့မိခင်က သဘောမကျပေ။ ကျော်မောင်တို့လူစုသည် ရန်ကုန်တွင်သာမက လားရှိုးရွှေဆိုင်ကိုလည်း ဖောက်ခဲ့ကြသည်။ မော်လမြိုင်ရှိ ကုန်စုံဆိုင်ကိုလည်း ဖောက်ကြပြန်သည်။ ရန်ကုန်ပြန်ရောက်ပြီး ပစ္စည်းများထုခွဲချိန် အဖမ်းခံရပြန်သည်။

ကျော်မောင် မော်လမြိုင်ထောင်သို့ အပို့ခံရသည်။ မတင်ရီက မော်လမြိုင်သို့ပြောင်းနေပြီး ကျော်မောင့်ကိုလာတွေ့သည်။ ခြောက်လခန့်ကြာသောအခါ ရှိသမျှပစ္စည်းများကုန်သဖြင့် မတင်ရီ ရန်ကုန်သို့ပြန်သွားသည်။ ကျော်မောင် ထောင်သုံးနှစ်ကျသော်လည်း အယူခံဖြင့် ပြန်လွတ်လာသည်။ ထောင်မှလွတ်လာသောအခါ မတင်ရီနောက်ယောကျ်ားနှင့် မလွှကုန်းတွင် နေထိုင်လျက်ရှိကြောင်း သိရှိကာ သွားရောက်မတွေ့ဆုံတော့ပေ။

ကျော်မောင် မိခင်အိမ်သို့ပြန်ခဲ့သည်။ မခင်လှိုင်နှင့်ဆုံသည်။ မခင်လှိုင်သည် ကျော်မောင့်အပေါ် အချစ်မပြယ်ဘဲရှိနေသည်။ မခင်လှိုင်က ဤအလုပ်များကို မလုပ်ရန်ပြောသည်။ သူဈေးရောင်းကျွေးမည်ဟုဆိုသည်။ ကျော်မောင်သည် အချီကြီးတစ်ချီလုပ်ပြီးလျှင် ဤအလုပ်ကို စွန့်လွှတ်ရန် ဆုံးဖြတ်သည်။

သူ့အကြံအစည်အတိုင်း ဝင်ဆာလမ်းရှိ အိမ်တစ်အိမ်ကို ဖောက်သည်။ ဖောက်ပြီးမှပင် သမ္မတဟောင်း ဒေါက်တာဘဦးအိမ်ဖြစ်မှန်းသိရသည်။ နာမည်ကြီး အမှုဖြစ်၍ ပုလိပ်များ ပိုက်စိပ်တိုက်ရှာဖွေသည်။ ကျော်မောင် လားရှိုးဘက်သို့ ရှောင်တိမ်းခဲ့သော်လည်း နောက်ဆုံးအဖမ်းခံရသည်။ အမှုစစ်နေစဉ် ကျော်မောင် ဘားလမ်းအချုပ်ထောင်ကို ဖောက်ထွက်ပြေးသည်။

သို့ဖြင့် ကျော်မောင်သည် ဖောက်ထွင်းမှုအတွက် ထောင်ဒဏ် ၁၄ နှစ်၊ အချုပ်ထောင်ဖောက်ပြေးမှုဖြင့် ထောင်နှစ်နှစ် တစ်ပေါင်းတည်းကျခံရတော့သည်။ ဖြစ်ဒဏ်အရဆိုလျှင် ၁၉၇၅ ခုနှစ်တွင်မှ လွတ်မည်ဖြစ်သည်။ မေတ္တာတရားကြီးမားလှသော မခင်လှိုင်ကား ကျော်မောင်ကိုထောင်ဝင်စာလာတွေ့ပြီး ကျော်မောင် ထောင်မှလွတ်သည်ထိ စောင့်မည်ဖြစ်ကြောင်း ခိုင်မာစွာ ကတိပြုသွားလေသတည်း။

ဝတ္ထုမှာ ဤတွင်ဆုံးပါသည်။ ဆရာမြသန်းတင့်သည် ထောင်ထဲသို့ရောက်ရှိနေစဉ်အတွင်း ထောင်သားများ၏ဘဝများကိုလေ့လာကာ ရေးသားထားသည့် ဝတ္ထုဖြစ်သည်။ ကျော်မောင်၏အတ္ထုပ္ပတ္တိဖြစ်သည်။

ဆရာမလိခက "အမောင်ရိပ်ဝယ်" ဝတ္ထုရှည်နှင့် ပတ်သက်ပြီး ဤသို့မှတ်ချက်ချခဲ့သည်။

အရင်းရှင်လူနေမှုစနစ်၏ သားကောင်များ၏ သရုပ်မှန်ကို တိကျစွာဖော်ပြနိုင်သည်ဟုဆိုသည်။ ပေငါးဆယ်လမ်းထိပ် ထမင်းဆိုင်ရှင် ညီအစ်မ၏စရိုက်၊ မိန်းမပျက် မတင်ရီ၏စရိုက်တို့သည် အပေါ်လွင်ဆုံးဖြစ်သည်။ မခင်လှိုင်၏မေတ္တာနှင့် သစ္စာကို ဖော်ပြပုံမှာ နိုင်နင်းသေသပ်သည်။ ကျော်မောင်၏ မိခင်ကိုပြရာတွင် အပိုအလိုမရှိချေ။ ထို့ပြင် မြေအောက်လောဘသားတို့၏ ကျင့်ဝတ်နှင့် အဘိဓမ္မာတို့ကိုလည်း အလျဉ်းသင့်သလိုဖော်ပြသွားသည်။

အချုပ်ကိုဆိုရသော် "အမောင်ရိပ်ဝယ်"သည် လေလွင့်နေသော လူငယ်များနှင့် ရာဇဝင်လူဆိုးတို့၏ ပြဿနာရပ်များကို အလေးအနက်စဉ်းစားလုပ်ဆောင်ကြရန် သိမ်မွေ့စွာလှုံ့ဆော်ထားသော အနုပညာဖန်တီးမှုတစ်ရပ်ဖြစ်ပေသည်။

ဆရာမြသန်းတင့်သည် ပခုက္ကူခရိုင် မြိုင်မြို့နယ် ဇာတိဖြစ်သည်။ ၁၉၂၉ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့တွင် အဖ ဦးပေါ်တင့်၊ အမိ ဒေါ်လှိုင်တို့က မွေးဖွားခဲ့သည်။ ပခုက္ကူအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ဝိဇ္ဇာနှင့်ဥပဒေဘွဲ့များရရှိခဲ့သည်။

၁၉၄၉ ခုနှစ်တွင် တာရာမဂ္ဂဇင်း၌ စတင်ရေးသားခဲ့သည်။ စာပေသစ်မဂ္ဂဇင်းနှင့် ပြည်တော်သစ်ဂျာနယ်တို့တွင် အယ်ဒီတာလုပ်ခဲ့သည်။ မေတ္တာအသင်္ချေသည် ပထမဆုံးလုံးချင်းဖြစ်သည်။ "နေထွက်သောည"သည် ပြဇာတ်ဝတ္ထုရှည်ဖြစ်သည်။ "အရှေ့လေတိုက်သောအခါ"သည် ကမ္ဘာလှည့်ခရီးသွားဆောင်းပါးဖြစ်သည်။

ထင်ရှားသောဝတ္ထုများမှာ "လိုက်ခဲ့တော့မြနန္ဒာ"၊ "ထားကျွန်မလင်"၊ "အရွယ်မတိုင်မီ"၊ "ဘုံလယ်တစ်ခွင်ဝယ်"၊ "ဘဝတက္ကသိုလ်"၊ "မားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်" စသည်တို့အပြင် "စစ်နှင့်ငြိမ်းချမ်းရေး"၊ "လေရူးသုန်သုန်"၊ "ခန်းဆောင်နီအိပ်မက်" စသောဘာသာပြန်များကိုလည်း ပြုစုရေးသားခဲ့သည်။

"အနုပဋိလောမရုပ်ဝါဒ(ခ) ရုပ်ပိုင်းရာဇဝင်"နှင့် "မာက်စ်ဝါဒနှင့်တွေးခေါ်မြော်မြင်ရေး" ကျမ်းများကိုလည်း ဘာသာပြန်ဆိုခဲ့သည်။

## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို **၃၁-၇-၂၀၂၃ ရက်နေ့** (အစား) **၁၂-၈-၂၀၂၃ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။



ကြက်သွန်မြိတ်နှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဇူလိုင်လအတွင်း ခရီးသွားဧည့်သည် ၁၁၂၂၅ ဦးထိ လာရောက်လည်ပတ်ခဲ့



**ပုသိမ် ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ခရီးသွားဧည့်သည် ၁၁၂၂၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန် တာဝန်ခံဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ် ဟိုင်းကြီး ကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ခရီးသွားဧည့်သည် ၂၃၁၅ ဦးထိ လာရောက်လည်ပတ်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ မိုးရာသီဖြစ်သော်လည်း ခရီးသွားဧည့်သည် ၁၁၂၂၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"နွေရာသီလောက် ခရီးသွား မများပေမဲ့ လာရောက်လည်ပတ်သူတွေ အဆက်မပြတ်လာနေပါတယ်။ ဇူလိုင်လအတွင်း ပျမ်းမျှ တစ်ရက်ကို ခရီးသွားဧည့်သည် အယောက် ၁၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ လက်ရှိလဲ လာရောက်လည်ပတ်တဲ့သူတွေ များနေပါတယ်။ ဇူလိုင်လအတွင်း စနေနဲ့ တနင်္ဂနွေရက်တွေဆို လာရောက်လည်ပတ်တဲ့ ခရီးသွား ပိုများခဲ့ပါတယ်။ ဇူလိုင်လထဲမှာ ထူးထူးခြားခြားအနေနဲ့ အာဇာနည်နေ့က လာတဲ့သူတွေ တော်တော်များခဲ့ပါတယ်" ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေကို လာရောက်လည်ပတ် အပန်းဖြေသည့် ခရီးသွားဧည့်သည်များသည် ရန်ကုန် တိုင်းဒေသကြီးမှ ခရီးသွားဧည့်သည် အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများ အစစအရာရာ အဆင်ပြေစေရန်အတွက် ရေယာဉ်များ၊ Express မော်တော်ယာဉ်များ၊ ခေါက်တိုသုံးဘီးယာဉ်များ၊ စင်းလုံးငှားမော်တော်ယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

**ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ**

## စလင်းမြို့နယ် ပန်းတော်ကျင်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**စလင်း ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အင်ကြင်းပင်လှကျေးရွာအုပ်စု ပန်းတော်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများမှ ငွေကျပ် ၆၂ ဒသမ ၅ သိန်းဖြင့်ဆောင်ရွက်သော ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် ကျေးရွာ လမ်းကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းမြေနီကျောက်စရစ်လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်အတိုင်းအတာ စံချိန်စံညွှန်းများနှင့် ပြည့်မီအောင် ဆောင်ရွက်ရန်၊ ငွေကြေးသုံးစွဲမှုတွင်လည်း အများသိ အမြင်ရှင်းအောင် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် စီမံကိန်း စည်းမျဉ်း၊ စည်းကမ်းများအတိုင်း လုပ်ဆောင်သွားကြရန် ကျေးရွာလမ်းကော်မတီဝင်များကို မှာကြားခဲ့သည်။

ပန်းတော်ကျင်းကျေးရွာ၌ အရှည်ပေ ၂၈၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇူလိုင်လ တတိယပတ်မှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၁၁၄ စု၊ လူ ၅၁၅ ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ကပြောပြ၍ သိရသည်။

**သန်းသန်းစိုး**











**My Home ခြင်လုံဇကာ**

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ **အထွေထွေ ကျား (၂) ဦး**
- အတွေ့အကြုံမလို၊ သံပန်းကျွမ်းကျင်ဦးစားပေးမည်။

၂။ **မော်တာစက်ချုပ်ကျွမ်းကျင် မ (၂) ဦး**
- အတွေ့အကြုံ (၂)နှစ်

09-980201670

မန္တလေး၊ လမ်း ၆၀ × ၁၁၀၊ မနော်ဟရီထောင့်။


ကိုဗစ် –၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ခြင်ဆေးခွေ သုံးလျှင် သတိယူ၍ အောက်တွင် ခံခွက် မမေ့နှင့်**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့်အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ **ဒီမိုကရေစီဆိုတာ ပြည်သူတစ်ရပ်လုံး အကြားအလပ်မရှိ ပါဝင်ဖော်ဆောင်ရခြင်းဖြစ်တာကြောင့် ကဏ္ဍအသီးသီးမှာ တည်ငြိမ်အေးချမ်းမှုအရေးကြီးပြီး ဒီလိုဆောင်ရွက်ဖို့အတွက် ကြိုးပမ်းရာမှာ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားၖ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

---

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု



**နေပြည်တော် ဩဂုတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့တွင် ကျရောက်သည့် ဓမ္မစကြာအခါတော်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊

**စာမျက်နှာ ၂၃ ကော်လံ ၁** ☆

**မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၇၅၁ ဦးတို့ကို ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြုပြီး သက်ဆိုင်ရာ နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်နေမှုကို တွေ့ရစဉ်။**

---

**ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်ကြည်ညို**

စာမျက်နှာ - ၂၃

**ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ပြု**

စာမျက်နှာ - ၂၂

**အကျဉ်းသား၊ အကျဉ်းသူ ၇၇၄၉ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု**

စာမျက်နှာ - ၂၂

**တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု**

စာမျက်နှာ - ၂၂

**နိုင်ငံခြားသားအကျဉ်းသားအကျဉ်းသူ ၁၂၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး**

စာမျက်နှာ - ၂၃

---

**မြစ်ရေကြီးမှု အခြေအနေ**

ယနေ့ညနေ ၄ နာရီခွဲအချိန် ထိုင်းထွာချက်များအရ သံတွဲချောင်းရေသည် သံတွဲမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့်ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ သံတွဲမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

